ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ စနေနေ့၊ (11-10-2014) (၇၉၉၀)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာတိုနီဘလဲ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နန်နင်းမှ အပြန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပသည့် (၄၅)ကြိမ်မြောက် ကမ္ဘာ့ကျွမ်းဘားတံခွန်စိုက် အားကစားပြိုင်ပွဲဖွင့်ပွဲတက်ရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ခရီးစဉ်တွင် စာရေးသူလည်း တာဝန်တစ်ခုဖြင့် လိုက်ပါခွင့်ရရှိခဲ့သည်။

နန်နင်းလေဆိပ်သို့ ခြေချလိုက်သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးတွင် ရာဇဝင်ထဲသို့ဆွဲခေါ်သွားနိုင်သည့် ဂန္ဓလရာဇ်ဗိသုကာလက်ရာတို့က မရှိတော့၊ အစားထိုးဝင်ရောက်လာသည့် ၂၁ ရာစုအဆောက်အအုံများကို အစီအရီတွေ့ရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**




ဖွံ့ဖြိုးတိုးတက်လာသော နန်နင်းမြို့တစ်နေရာ။





SINPOLE 10 ml Eye drops

မျက်စိနာခြင်းသတိပြုပါ

သတိပေးချက်။ ရာသီအကူးအပြောင်းကာလဖြစ်သောကြောင့်ယခုလတ်တလောတွင်
မျက်စိနာခြင်း၊ မျက်စိယားခြင်း၊ မျက်စိနီခြင်းစသည့် မျက်စိရောဂါများအဖြစ်များနေပါသည်။

စင်ပိုး(လ်) နှင့်မျက်စဉ်းခပ်ခြင်းဖြင့် မျက်စိနာခြင်းကို လျင်မြန်စွာသက်သာပျောက်ကင်းစေပါသည်
တစ်ခါခပ်လျှင် တစ်စက်မှ နှစ်စက် တစ်နေ့လျှင် ၂ ကြိမ်မှ ၄ ကြိမ် ခပ်နိုင်ပါသည်

AA MEDICAL PRODUCTS LTD.
Products You Can Trust.

**ကြေးမုံ စာတည်းရှုထောင့်** **၁၁-၁၀-၂၀၁၄၊ စနေနေ့**

# မြန်မာ-ထိုင်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပါသည်။ ဧည့်သည်တော်နှင့်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိစဉ် နိုင်ငံတော်သမ္မတကိုယ်တိုင် အိမ်ရှင်ကောင်းပီသစွာဖြင့် ဖက်လှဲတကင်း ရင်းရင်း နှီးနှီးကြိုဆိုနှုတ်ဆက်ဂုဏ်ပြုကြပြီးနောက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ သည်။

မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်မှစ၍ သမိုင်းအစဉ်အလာမပျက် ချစ်ကြည်ရင်းနှီးစွာ အတူတကွဆက်ဆံခဲ့ကြသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်။ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသော ထိုင်းနိုင်ငံမှခေါင်းဆောင်များသည် နှစ်နိုင်ငံအကျိုးစီးပွားများကို ညှိနှိုင်းအဖြေရှာ ဖော်ဆောင်ပေးနိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိခဲ့ပြီးဖြစ်သည်။

ထိုင်းနိုင်ငံမှ ဝန်ကြီးချုပ်နှင့်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ နိုင်ငံတော်သမ္မတနှင့်ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့ နှစ်နိုင်ငံအကျိုးစီးပွားအတွက် သီးသန့်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည်လည်း သီးသန့်တွေ့ဆုံကာ တပ်မတော် နှစ်ရပ်ကြားဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးစသည့် ကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးညှိနှိုင်းမှုများပြုခဲ့ကြရာတွင် လတ်တလောဖြစ်ပေါ်နေသော ထိုင်းနိုင်ငံရှိမြန်မာအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေး၊ ထိုင်းနိုင်ငံ၌ တရားမဝင်ရောက်ရှိလုပ်ကိုင်နေသော မြန်မာအလုပ်သမားများ၏ အရေးကိစ္စများကိုလည်း အလေးထားဆွေးနွေးနိုင်ခဲ့ ကြသည်။ အထူးသဖြင့် လက်ရှိဖြစ်ပွားနေသော လိပ်ကျွန်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်ပေါ်ပေါက်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် အထူးအဖွဲ့အား မှန်မှန်ကန်ကန် လေ့လာနိုင်ရန်စီစဉ်ဆောင်ရွက်ပေးရေး တို့ကိုပါ ဆွေးနွေးနိုင်ခဲ့ သည်။

ထိုင်းဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း မြန်မာအစိုးရအနေဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများအရေးကို လျစ်လျူရှုမထားဘဲ အလေးထားဆောင်ရွက်ပေးခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။ မြန်မာအစိုးရနှင့် ကိုယ်စားလှယ်အဖွဲ့များက မြန်မာအလုပ်သမားအရေးကိစ္စများကို ကူညီဆောင်ရွက်ပေးမှုများကိုလည်း မျက်မြင်ထင်ရှားမြင်တွေ့နေရသည်။ ထိုသို့မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်ပရောက် မြန်မာအလုပ်သမားများသာမက သက်ဆိုင်ရာမိသားစုများကလည်း လှိုက်လှဲစွာကျေးဇူးတင်နေကြမည် ဖြစ်ပါသည်။

ထို့အပြင် ယခုခရီးစဉ်မှပေါ်ထွက်လာသော ကျိုင်းတုံမြို့နှင့်ချင်းမိုင်မြို့၊ မြိတ်မြို့နှင့် ပရာချွတ်ကရီခန်မြို့၊ ကော့သောင်းမြို့နှင့် ရနောင်းမြို့တို့အကြား ညီအစ်မမြို့များ တည်ထောင်ရေးတို့အတွက် နားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ခဲ့သည့် အောင်မြင်မှုများကိုလည်း ရရှိခဲ့သည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အလုပ်သမားရေးရာကိစ္စများသာမက ကုန်သွယ်မှုရေးရာကိစ္စများတွင်လည်း မြင့်မားတိုးတက်သော နိုင်ငံများဖြစ်သည်။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ကဏ္ဍ ၁၀ ခုတွင် လုပ်ငန်းပေါင်း ၇၄ ခု ရင်းနှီးမြှုပ်နှံခွင့်ပြုထားရှိသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုတွင်လည်း ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။

ထို့ကြောင့် လက်ရှိအချိန်တွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံအကျိုးစီးပွားများ မြင့်မားတိုးတက်နေသော အချိန်အခါဖြစ်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ခရီးစဉ်မှ မြန်မာနိုင်ငံနှင့် နိုင်ငံသားများ၏ အရေးကိစ္စများ၊ အကျိုးစီးပွားများ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

❐❐



## ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာယုဒ်ချန်အိုချာနှင့် ဇနီး တွဲဖက်ပါမောက္ခ နာရာပွန်ချန်အိုချာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီ ၁၀ မိနစ် တွင် ရွှေတိဂုံစေတီတော် ဧည့်ခံတန်ဆောင်းရှိ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်ဖူးမြော်ကြည်ညိုကြကာ ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်သည် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံး၌ မြန်မာနိုင်ငံရှိထိုင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထို့အတူ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ထိုင်းနိုင်ငံမှ လှူဒါန်းထားသော Thai Study Center အတွင်း၌ ပြသထားသည့် ထိုင်းရိုးရာဝတ်စုံများ၊ ထိုင်းယဉ်ကျေးမှုနှင့် ဘာသာရပ်ဆိုင်ရာစာအုပ်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့်ဇနီး ဒေါ်ခင်ဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

❐❐

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၁၇၀၀ | - | ၆၅၂၇၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၁၇၀၀ | - | ၆၅၂၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၉၁. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၇. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၆၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၅၄၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၄. ၅၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၂၄၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၁၈. ၉၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၄၄၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၇. ၆၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၉. ၂၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**စာအုပ်စာပေ လှူမိတ်ဆွေ**






ပြည်တွင်းရေးရာ

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်အဖွဲ့နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၀**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကမ္ဘာ့ဘဏ် (World Bank) မှ Teams of Technical Apprised Mission မှ အဖွဲ့ခေါင်းဆောင် Mr.Paavo Eliste ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး Agricultural Development Support Project (ADSP) စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကမ္ဘာ့ဘဏ် (World Bank) ၏ Teams of Technical Apprised Mission မှ Team Leader ဖြစ်သူ Mr.Paavo Eliste နှင့် Ms.Louise F.Scura (Program Leader, Southeast Asia), Senior Agricultural Economist, Sustainable Development Unit မှ Mr.Sergyi Zorya၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဒုတိယဝန်ကြီးဦးခင်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က World Bank အနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့ခိုင်မြဲသော စားရေရိက္ခာဖူလုံရေး (Food Security) လုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိစေမည့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် နှစ်ဖက်ပူးပေါင်းအကောင်အထည်ဖော်မည့် စီမံကိန်းလုပ်ငန်းများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း။

World Bank ၏ အတွေ့အကြုံနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်း၊ နည်းစနစ်များနှင့် ကိုက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည့် စီမံကိန်းလုပ်ငန်းများကို ပြည်သူလူထုအား ထိထိရောက်ရောက် အကျိုးရှိစွာ ဖော်ဆောင်နိုင်ရေးကို နှစ်ဖက်နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ပေးစေလိုကြောင်း။

မိမိတို့အနေဖြင့် World Bank ၏ အထောက်အပံ့ အကူအညီများကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစွာ အသုံးပြုသွားမည်ဖြစ်သည့်နည်းတူ အချိန်ကိုက် (အချိန်ကာလသတ်မှတ်ချက်များအရ) ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းကိစ္စရပ်များကို နီးနီးကပ်ကပ် အသိပေးပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးသည်။

World Bank မှ Technical Apprised Mission မှ Team Leader Mr.Paavo Eliste က စီမံကိန်းလုပ်ငန်းများကို မူလစီမံကိန်းလျာထားချက်အတိုင်း အချိန်မီ အကောင်အထည်ဖော်သွားရန် World Bank အနေဖြင့် အချိန်ဇယားများ ရေးဆွဲဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီစွာ စီမံချက်ဖြင့် ဆောင်ရွက်သွားမည့် အခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# Mobile Application ဆိုင်ရာ နည်းပညာရပ်များကျွမ်းကျင်ကာ ပညာရှင်အဖြစ်ရပ်တည်နိုင်ရန် အစီအစဉ်တစ်ရပ် စတင်

*သတင်း - ထက်ခိုင်(စမ်းချောင်း)*
*ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)*

ရန်ကုန် အောက်တိုဘာ ၁၀

**မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသော ကွန်ပျူတာ နည်းပညာဆိုင်ရာ ကျောင်းသား ကျောင်းသူများအတွက် Android Mobile Application နှင့် ပတ်သက်သော နည်းပညာရပ်များကို ပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ပြီး ပညာရှင်များအဖြစ် ရပ်တည်လုပ်ကိုင်နိုင်ရန် Samsung Tech Institute Mobile Apps Training အစီအစဉ်တစ်ရပ်ကို စတင်လိုက်ကြောင်းသိရသည်။**

အဆိုပါ အစီအစဉ်နှင့် ပတ်သက်သော ဖွင့်ပွဲအခမ်းအနားတစ်ရပ်ကို အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီခန့်က ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုအစီအစဉ်မှာ ဒုတိယအကြိမ်မြောက် ပြုလုပ်ခြင်းလည်းဖြစ်သလို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်တွင်ရှိသော မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကွန်ပျူတာ တက္ကသိုလ်အသီးသီးတို့ရှိ ကျောင်းသား ကျောင်းသူများအနက်မှ ၁၀၀ ကို ရွေးချယ်၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့တွင် တစ်လကြာ Mobile Application ရေးဆွဲနည်းသင်တန်းပို့ချပြီး ယင်းအနက် ကျောင်းသား ကျောင်းသူ ၂၀ ကို စိစစ်ရွေးချယ်ကာ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၅၀ စီ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းနောက်တွင် မွမ်းမံသင်တန်းများပေးကာ Grand Final အဖြစ် အုပ်စုလိုက် ပွဲစဉ်များကို ဆက်လက်ပြုလုပ်ယှဉ်ပြိုင်စေပြီး ပထမဆုအဖြစ် အမေရိကန်ဒေါ်လာ ၃၀၀၀၊ ဒုတိယဆုအဖြစ် အမေရိကန်ဒေါ်လာ ၂၀၀၀၊ တတိယဆုအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀ တို့ကို ချီးမြှင့်ကာ Mobile Application Training



**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာစိုး။**

အစီအစဉ်ပြိုင်ပွဲပြီးဆုံးသည်အထိ ဝင်ရောက်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူ ၁၀၀ ကို Samsung Tab 4 တစ်လုံးစီ ချီးမြှင့်သွားမည်ဟု သိရသည်။

"သင်တန်းကနေ ရရှိလာတဲ့ အတွေ့အကြုံတွေကနေ နိုင်ငံဖွံ့ဖြိုးရေးအတွက် အထောက်အကူကောင်းတွေ ဖြစ်စေပါတယ်။ မိုဘိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေ ပေါ်လာဖို့လည်း အကျိုးပြုတယ်။ ဒီသင်တန်းဟာ ရန်ကုန်မှာ ၅၀ နဲ့ မန္တလေးမှာ ၅၀ သင်ကြားတာဖြစ်ပါတယ်၊ သင်တန်းမှာ ပို့ချချက်တွေကိုလေ့လာပြီး လက်တွေ့လုပ်ငန်းနယ်ပယ်မှာ ပြန်အသုံးချနိုင်အောင် လေ့လာကြဖို့လည်းလိုပါတယ်"ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာစိုးက ပြောကြားသည်။

ထိုသို့ သင်တန်းများပေးကာ ယှဉ်ပြိုင်လုပ်ဆောင်မှုသည် တစ်နိုင်ငံလုံးတွင်ရှိသော ကွန်ပျူတာ ကျောင်းသား ကျောင်းသူများ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့်အတွေ့အကြုံကောင်းများလည်း ရစေမည်ဟု သိရသည်။ ပထမအကြိမ် ပြုလုပ်ခဲ့စဉ်က ကျောင်းဖွင့်ကာလဖြစ်သည့်အတွက် ဘွဲ့ကြိုကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းတက်ချိန် ပျက်ယွင်းမည်ကို စိုးရိမ်သောကြောင့် ပါဝင်ခြင်းမပြုနိုင်ဘဲ ဘွဲ့လွန် ကျောင်းသား ကျောင်းသူများလောက်သာ ပါဝင်နိုင်ကာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တစ်ခုတည်းအနေဖြင့်သာ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ယခုဒုတိယအကြိမ်မြောက် ပြုလုပ်သည့်အခါတွင် ကျောင်းသား ကျောင်းသူများအားလုံး ပါဝင်နိုင်သည့်အောက်တိုဘာ၊ နိုဝင်ဘာလတွင် ပြုလုပ်ခြင်းဖြစ်သည့်အတွက် အတန်းစုံမှ ပါဝင်နိုင်ကာ တစ်နိုင်ငံလုံးမှ ပါဝင်နိုင်မည့် အခြေအနေကောင်းများဖြစ်စေခဲ့ကြောင်း သိရသည်။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်မီမီသက်သွင်က "တက္ကသိုလ်တွေဆိုတာ သီးခြားနေလို့မရပါဘူး။ ဒီလိုချိတ်ဆက်ပြီး ပွဲတွေလုပ်တဲ့အခါကျတော့ ဒီ industry နဲ့ ချိတ်ဆက်ဖြစ်လာတယ်။ အဓိကအကျိုးပြုစေတာက စဉ်းစားပြီးရေးတတ်တဲ့ အလေ့အကျင့်ကောင်းတွေပဲ။ ဘယ်လို Application မျိုးတွေဆိုတာတော့ သူတို့တွေရဲ့ idea ပေါ်မူတည်တာပေါ့။ သူတို့ရည်မှန်းထားတဲ့ Application တွေ ထွက်လာရင်တော့ တွေ့ရမှာပါ"ဟု ရှင်းပြခဲ့သည်။

ယခုအစီအစဉ်အတွက် တစ်နိုင်ငံလုံးမှ ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ပါဝင်နိုင်စေရန် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ပဏာမ ရွေးချယ်ခြင်းတို့ကိုလည်း လွန်ခဲ့သော စက်တင်ဘာလအတွင်းက လုပ်ဆောင်ခဲ့ကာ တစ်လအကြာ သင်တန်းပို့ချမှုကို ယခုလုပ်ဆောင်နေပြီဖြစ်သည်။

ပထမအကြိမ် ကျင်းပစဉ်က Android Mobile Application ကိုးခုကို ဖန်တီးရေးဆွဲခဲ့ကြပြီး Desease Guide Mobile Application က ပထမဆု၊ Health Secret Mobile Application က ဒုတိယဆု၊ Yangon Guide Map Mobile Application က တတိယဆုစသည်ဖြင့် ဆွတ်ခူးနိုင်ခဲ့ကာ Shwedagon Audio Guide Mobile Application ကိုလည်း ကျောင်းသား ကျောင်းသူများ စုပေါင်းဖန်တီးနိုင်ခဲ့ကြောင်း သိရသည်။



**ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်မီမီသက်သွင်။**

# ဒီရေမြင့်တက်မှုကြောင့် တာပေါင်ကျိုးပေါက်ခဲ့မှု ပြန်လည်ပြုပြင်ပြီးစီး

**ကျောက်တန်း အောက်တိုဘာ ၁၀**

ကျောက်တန်းမြို့နယ် မီးပြကျေးရွာ မြသီတာရပ်ကွက်ရှိ ကမာဖရုံချောင်းတွင် အောက်တိုဘာ ၉ ရက် နံနက် ၃ နာရီခွဲက ဒီရေများမြင့်တက်ခဲ့သဖြင့် ဒီရေကာထားသော တာပေါင်များ ကျိုးပေါက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဒီရေမြင့်တက်ခဲ့ရာ မီးပြကျေးရွာမြောက်ဘက်တွင် ဒီရေကာထားသော အကျယ် ၄ ပေ၊ အမြင့် ၁၂ ပေခန့်ရှိ တာပေါင်မှ အရှည် ၁၅ ပေခန့်နှင့် ရွှေသန်လျင်ရပ်ကွက် မြောက်ဘက်တွင် အကျယ် ၄ ပေ၊ အမြင့် ၅ ပေခန့်ရှိ တာပေါင်မှ အရှည် ၈ ပေခန့်တို့မှာ ကျိုးပေါက်သွားခဲ့ကြောင်း၊ ထိုသို့ တာပေါင်ကျိုးပေါက်ခဲ့သဖြင့် မြသီတာရပ်ကွက်နှင့်ကန်ချောင်းရပ်ကွက်တို့အတွင်း ရေအမြင့် ၆ လက်မခန့်ထိ ဒီရေများဝင်ရောက်ခဲ့ပြီး နံနက် ၅ နာရီခန့်တွင် ပြန်လည်ကျဆင်းသွားကြောင်း၊ ဒီရေဝင်ရောက်မှုကြောင့် လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် တာပေါင်ကျိုးပေါက်ခဲ့သည့်နေရာများအား နံနက် ၆ နာရီခွဲမှစတင်၍ ကျေးရွာနေပြည်သူများနှင့်ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မြေဖို့ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပြီးဆုံးခဲ့ကြောင်းသိရသည်။

**(စိုးဝင်း-MLA)**

ရွှေညာမောင်သစ် စိန်ရွှေရတနာဆိုင်၏ "သီတင်းကျွတ်အထူးအစီအစဉ်"
၁-၁၀-၂၀၁၄ မှ ၃၁-၁၀-၂၀၁၄ အထိ
• လက်ငင်း ရွှေဆွဲပြား ဒီဇိုင်းစုံနှင့် ဗုဒ္ဓဂါယာ (၁၄) ရက်ခရီး ဘုရားဖူး၊ ပုဂံပြည်တွင်း ဘုရားဖူးခရီးစဉ်များ များစွာကို ကံစမ်းမဲဖွင့်လှစ်ပေးနေပါသည်။
• ဒီဇိုင်းဆန်းသစ်ပြီး အရည်အသွေးကောင်းမွန်သော လက်ဝတ်ရတနာများ ဝယ်ယူရင်း မြတ်သောကံစမ်းခွင့် များရယူနိုင်ရန် အထူးဖိတ်ခေါ်ပါသည်။
• အလျော့တွက် လုံးဝမပါသော ဒုံးထည် များအား ဆက်လက်ရောင်းချပေးနေပါသည်။
ရတနာသည် သင့်အတွက် ထာဝရ
ရတနာစုလိုက ရွှေညာမောင်သစ်သို့ကြွခဲ့ပါ။
ရွှေညာမောင်သစ် မိသားစု
ရွှေညာမောင်သစ် စိန်ရွှေရတနာဆိုင်အမှတ် (၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ၂၃ လမ်းနှင့် ဗိုလ်ရွဲလမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉၄၉၃၄၀၁၅၈၊ ၀၉၇၃၂၀၂၅၂၂

## နိုင်ငံတကာသတင်း

# ဓာတုလက်နက်စက်ရုံအသစ်များရှိကြောင်း ဆီးရီးယား ကြေညာ

နယူးယောက် အောက်တိုဘာ ၁၀

**ဆီးရီးယားနိုင်ငံက ၎င်းတွင် ဓာတုလက်နက်ထုတ်လုပ်သည့် အခြားစက်ရုံလေးရုံရှိသေးကြောင်း ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပြောကြားခဲ့သည်ဟု ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ယင်းတို့အနက် စက်ရုံသုံးရုံသည် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး ကျန်တစ်ရုံက လက်နက်များ ထုတ်လုပ်သည်ဟု ဆိုသည်။**

ဆီးရီးယားအစိုးရက ၎င်း၏ ဓာတုလက်နက်အစီအစဉ်တို့ကို ပွင့်လင်းစွာ အပြည့်အဝထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့သည့်အတွက် အဆိုပါ ကြေညာချက်အပေါ်တွင် စိုးရိမ်မှုများ မြင့်တက်လာလျက်ရှိသည်ဟု ဆိုသည်။

၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ဒမတ်စကပ်မြို့၌ ဓာတုလက်နက်များဖြင့် တိုက်ခိုက်၍ လူအမြောက်အမြား သေဆုံးခဲ့ရပြီးနောက် ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်များကို ဖျက်ဆီးရန် အဖွဲ့တစ်ဖွဲ့ ထူထောင်ခဲ့သည်။

ကုလသမဂ္ဂနှင့် ဓာတုလက်နက်များ တားမြစ်ရေးအဖွဲ့ (အိုပီစီဒဗလျူ)တို့၏ ပူးတွဲအဖွဲ့က ဓာတုလက်နက်များအားလုံးကို ဖျက်ဆီးပြီးဖြစ်ကြောင်း လွန်ခဲ့သည့် သီတင်းပတ်တွင် ကြေညာခဲ့သည်။

ဓာတုလက်နက်တန်ချိန် ၁၁၈၀ကို ဆီးရီးယားနိုင်ငံမှ သယ်ယူ၍ ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ သို့သော် ၎င်းတို့သည် ဆီးရီးယားနိုင်ငံအတွင်းရှိ ဓာတုလက်နက်ထုတ်လုပ်သောစက်ရုံများကို ဆက်လက်၍ ဖျက်ဆီးရမည်ဖြစ်ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

ဆီးရီးယားအစိုးရက ကြေညာထားသော ဓာတုလက်နက်စက်ရုံ ၁၂ ရုံအား ဖျက်ဆီးသည့် လုပ်ငန်းကို ယခုလတွင် စတင်မည်ဟု မျှော်လင့်ရသည်။ နိုဝင်ဘာလကုန်တွင် ပထမဆုံး ဖျက်ဆီးမှုပြီးစီးမည်ဖြစ်သည်။

လုံခြုံရေးကောင်စီက အင်္ဂါနေ့တွင် ပြောကြားရာ၌ ကုလသမဂ္ဂနှင့် အိုပီစီဒဗလျူအဖွဲ့မှ မစ္စတာ စီဂရစ်ကာဒ်က အသစ်ကြေညာခဲ့သော သုတေသနနှင့် ထုတ်လုပ်ရေး စက်ရုံများတွင် ဓာတုလက်နက်များ မတွေ့ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်ဟုပါရှိသည်။

**ဘီဘီစီ။**



**ဆီးရီးယားနိုင်ငံ၌ ဓာတုလက်နက်အသုံးပြုကာ တိုက်ခိုက်ခြင်း ရှိမရှိ နိုင်ငံတကာ စစ်ဆေးရေးမှူးတစ်ဦးက စစ်ဆေးသည့် မှတ်တမ်းပုံ။**

## ဟောင်ကောင် ဒီမိုကရေစီအရေးလှုပ်ရှားမှု ဆက်လက်ဖြစ်ပွားနိုင်ဖွယ်ရှိ

**ဟောင်ကောင် အောက်တိုဘာ ၁၀**

ဟောင်ကောင်အစိုးရသည် ဆန္ဒပြခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန်စီစဉ်ထားခြင်းကို ပယ်ဖျက်လိုက်သောကြောင့် ဟောင်ကောင်ပြည်သူများသည် ဒီမိုကရေစီအရေး ဆန္ဒပြလှုပ်ရှားမှုများ အရှိန်အဟုန်မြှင့်တင်ရန်အတွက် စီးပွားရေးအချက်အချာကျသည့် နေရာများတွင် နေရာယူထားကြပြီဖြစ်ကြောင်း သိရသည်။

ဆန္ဒပြသူများသည် ယာယီရွက်ဖျင်တဲများနှင့် ရိက္ခာများကို ဆန္ဒပြရာနေရာသို့ ယူဆောင်လာကြသည်။ ယင်းသို့လုပ်ဆောင်မှုသည် အချိန်ကြာမြင့်စွာ ဆန္ဒပြလှုပ်ရှားမှုဖြစ်နိုင်ဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

“အစိုးရဘက်ကသာ တွေ့ဆုံဆွေးနွေးဖို့ ငြင်းဆန်နေဦးမယ်ဆိုရင် ကျွန်တော်တို့ဘက်ကလည်း ဆက်လက်ပြီး ဆန္ဒထုတ်ဖော်မှုတွေကို အရှိန်အဟုန်မြှင့်တင်ဖို့ပဲရှိပါတယ်”ဟု ဟောင်ကောင်ကျောင်းသားသမဂ္ဂအတွင်းရေးမှူးချုပ် အဲလက်စ်ချိုက ပြောကြားသည်။

**(ဘီဘီစီ)**

# အဏုမြူဓာတ်အားပေးစက်ရုံစီမံကိန်းကို တောင်ကိုရီးယားမြို့ကြီးတစ်မြို့မှ ပြည်သူများကန့်ကွက်

**ဆိုးလ် အောက်တိုဘာ ၁၀**

တောင်ကိုရီးယားနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသရှိ မြို့ကြီးတစ်မြို့၌ အဏုမြူဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရေးစီမံကိန်းတစ်ရပ်ကို အစိုးရအဖွဲ့က အကောင်အထည်ဖော်ခြင်း မပြုရန် ယင်းမြို့၌ ကျင်းပသော လူထုဆန္ဒခံယူပွဲတွင် ပြည်သူများက ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံ ဆမ်ချွတ်မြို့၌ အောက်တိုဘာ ၉ ရက်က လူထုဆန္ဒခံယူပွဲကျင်းပခဲ့ရာတွင် ယင်းမြို့ရှိ မဲပေးပိုင်ခွင့်ရှိသူ ၂၈၈၆၇ ဦးအနက် ၂၄၅၃၁ ဦး၊ တစ်နည်းအားဖြင့် ယင်းမြို့နေ လူဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်က အဏုမြူဓာတ်အားပေးစက်ရုံကို တည်ဆောက်ခြင်း မပြုရန် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ အဆိုပါမြို့သည် မြို့တော်ဆိုးလ်အရှေ့တောင်ဘက်ကီလိုမီတာ ၂၉၀ခန့် အကွာတွင် တည်ရှိသည်။

ဆမ်ချွတ်မြို့၌ အဏုမြူဓာတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် အစိုးရအဖွဲ့က အပြီးသတ် ရေးဆွဲခဲ့ပြီး ထိုစဉ်ကအာဏာရရှိထားသော ဒေသန္တရအစိုးရအဖွဲ့က ယင်း စက်ရုံတည်ဆောက်မှုကို လက်ခံရန် သဘောတူညီခဲ့သည်။ သို့ရာတွင် လက်ရှိ မြို့တော်ဝန် ကင်ယန်ဟိုသည် အဏုမြူဓာတ်အားပေးစက်ရုံစီမံကိန်းကို ဖျက်သိမ်းနိုင်ရန် ဆောင်ရွက်မည်ဟု ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးခဲ့ရာတွင် ကတိပြုခဲ့ပြီး ယခုအခါ လူထုဆန္ဒခံယူပွဲကို ကျင်းပစေခြင်းဖြစ်သည်။

ဆမ်ချွတ်မြို့၌ ပြုလုပ်သော လူထုဆန္ဒခံယူပွဲသည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဗဟိုအစိုးရအဖွဲ့က ပြောကြားသည်။

**ပီတီအိုင်။**



# မာလာလာနှင့်အိန္ဒိယမှတစ်ဦး ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခံရ

အော်စလို အောက်တိုဘာ ၁၀

အိန္ဒိယနိုင်ငံမှ ခါလက်ရှ်ဆက်ရာသီနှင့် ပါကစ္စတန်နိုင်ငံမှ အသက် ၁၇နှစ်အရွယ် မာလာလာယူဆွပ်ဖိုင်းတို့သည် ငြိမ်းချမ်းရေးနိုဘယ်ဆုအတွက် ရွေးချယ်ခံရကြောင်း နော်ဝေနိုဘယ်ကော်မတီက အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ (ဓါတ်ပုံ)

ကလေးသူငယ်များ ဖိနှိပ်ခံရမှုကို ဆန့်ကျင်သည့်လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းနှင့် ပညာသင်ယူခွင့်အပါအဝင် ကလေးများ၏ အခွင့်အရေးများ ရရှိရန် တိုက်ပွဲဝင်ခဲ့သည့်အတွက် နိုဘယ်ဆု ပူးတွဲရရှိခြင်းဖြစ်သည်။

ကျောင်းနေရမည့်ကလေးများသည် ပညာဆည်းပူးခွင့်ရရှိသင့်ပြီး ၎င်းတို့ကို ငွေရေးကြေးရေးအတွက် ခေါင်းပုံဖြတ်ခြင်း မပြုလုပ်သင့်ကြောင်း နိုဘယ်ကော်မတီဥက္ကဋ္ဌ ဘော့ဂျွန်ဂျာဂလင်က ပြောကြားသည်။

အိန္ဒိယနိုင်ငံမှ ယခုနှစ်အတွက် နိုဘယ်ဆုရရှိသူမှာ အသက် ၆၀ အရွယ် ဆတ်ယာသီဆိုသူ အမျိုးသားကြီးဖြစ်သည်။ ၎င်းသည် ကလေးငယ်များ၏ လုပ်အားပေါ်မှ ကိုယ်ကျိုးရှာအမြတ်ထုတ်မှုများကို ကန့်ကွက်သည့် ငြိမ်းချမ်းသော ဆန္ဒပြပွဲများကို ခေါင်းဆောင်ခဲ့သူဖြစ်သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့တွင် ကလေးသူငယ်များ ပညာသင်ယူနိုင်မှု အခွင့်အရေးရရှိရန်နှင့် အစွန်းရောက်သမားများ၏ လုပ်ရပ်များကို ဆန့်ကျင်ရန် ကြိုးပမ်းခဲ့ကြသဖြင့် ဆုအပ်နှင်းခံရခြင်းဖြစ်သည်ဟု ဆုချီးမြှင့်ရေးကော်မတီက ကြေညာချက်တွင် ပါရှိသည်။ ဘီဘီစီ။

# အာဖဂန်လေတပ်အတွက် ဝယ်ယူခဲ့သော လေယာဉ်များကို သံတိုသံစအဖြစ်ထုခွဲခဲ့မှု ရှင်းလင်းချက်တောင်းခံ

**ဝါရှင်တန် အောက်တိုဘာ ၁၀**

အာဖဂန်လေတပ်အတွက် အမေရိကန်အစိုးရအဖွဲ့က ဝယ်ယူခဲ့သော သယ်ယူပို့ဆောင်ရေးလေယာဉ် ၁၆ စင်းကို သံတိုသံစအဖြစ် ထုခွဲရောင်းချခဲ့ခြင်းနှင့် ပတ်သက်၍ရှင်းလင်းချက်ပေးရန် အမေရိကန်စစ်ဘက်ဆိုင်ရာ အထူးစုံစမ်း စစ်ဆေးရေးမှူးတစ်ဦးက တောင်းဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ လေတပ်အတွက် ဂျီ-၂၂၂ အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်အစင်း ၂၀ ဝယ်ယူခဲ့ရာတွင် အမေရိကန် ကာကွယ်ရေးဌာနက ဒေါ်လာ ၄၈၆ သန်းအထိကျခံသုံးစွဲခဲ့ရသည်။ ယင်းလေယာဉ်များအနက် ၁၆ စင်းကို အာဖဂန်ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုထံသို့ သံတိုသံစအဖြစ်ထုခွဲရောင်းချရန် လွှဲပြောင်းပေးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးမှူးက ပြောကြားသည်။

အဖိုးတန် လေယာဉ်များကို ဈေးကြီးကြီးပေး၍ ဝယ်ယူခဲ့ရပြီး ယင်းလေယာဉ်များကို အသုံးမလိုတော့သည့် လေယာဉ်များအဖြစ် ပြန်လည်ထုခွဲရောင်းချစေရာတွင် ဒေါ်လာ ၃၂၀၀၀ မျှသာ ပြန်လည်ရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်ထူထောင်ရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးမှူးက ထုတ်ပြန်သော သတင်းကြေညာချက်တွင် ဖော်ပြထားသည်။

ဝယ်ယူခဲ့သော လေယာဉ်အစင်း ၂၀ အနက် လေးစင်းကို ဂျာမနီနိုင်ငံရှိ ရမ်စတိန်းလေတပ်စခန်း၌ သိုလှောင်ထားရှိကြောင်း၊ ကျန်လေယာဉ်များကို ဖျက်ဆီးခဲ့ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က မည်ကဲ့သို့ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်ကို စာလွှာစာတမ်းအထောက်အထားများဖြင့် ပြန်လည်ရှင်းလင်းတင်ပြရန် လေတပ်ဝန်ကြီး ဒီဘိုရာဂျိမ်းစ်အား အထူးစုံစမ်းစစ်ဆေးရေးမှူး ဂျွန်ဆော်ပကိုက ပန်ကြားခဲ့သည်။

အဆိုပါလေယာဉ်များမှာ အီတလီနိုင်ငံလုပ် လေယာဉ်များဖြစ်ကြပြီး ၂၀၀၈ခုနှစ်တွင် ဝယ်ယူခဲ့သည်။ အမေရိကန် စစ်လက်နက်ထောက်ပံ့ရေး အေဂျင်စီက သယ်ယူပို့ဆောင်ရေးလေယာဉ်အချို့ကို ဖျက်သိမ်းခဲ့ခြင်းမှာ ဖုန်ထူသော အာဖဂန်နစ္စတန်နိုင်ငံ၌ မကြာခဏပြုပြင်ထိန်းသိမ်းရေး လုပ်ဆောင်နေရခြင်းကြောင့် အသုံးမတည့်တော့သည့် ယင်းလေယာဉ်များကို အာဖဂန်နစ္စတန်နိုင်ငံတွင် နှစ်ရှည်လများ အသုံးမပြုဘဲ ရပ်ထားခဲ့ရသည်ဟု သတင်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**




**ဩဂုတ်လအတွင်းက သံတိုသံစအဖြစ် လေယာဉ်များကို ဖျက်ဆီးခဲ့သည့် မှတ်တမ်းပုံ။**

# FRIENDLY MYANMAR ဓာတ်ပုံပြပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၁၄ ခုနှစ်တွင် ကျရောက်သည့် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တည်ထောင်မှုအထိမ်းအမှတ်နှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌ကျင်းပမည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတို့အား ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မြန်မာ-ဂျပန်အသင်း (MJA) နှင့် ဂျပန်နိုင်ငံမှ Grape City Inc တို့ ပူးပေါင်းကျင်းပသည့် "FRIENDLY MYANMAR" ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်းက ကြိုဆိုအမှာစကားပြောကြားပြီး သံရုံးယာယီတာဝန်ခံ၊ သံမှူးကြီး Mr. Ichlro Maruyama က ဂုဏ်ပြုအမှာစကားပြောကြားကာ ဓာတ်ပုံဆရာ Paul Broman က ဓာတ်ပုံပြပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် မြန်မာ-ဂျပန်အသင်း (MJA) နှင့် Grape City Inc တို့ ပူးတွဲစီစဉ်ထုတ်လုပ်သည့် "FRIENDLY MYANMAR" ဓာတ်ပုံ အထူးစာအုပ် ၂၀၀ နှင့် "Friendly Myanmar 2015 Calendar" စောင်ရေ ၂၀၀၀ တို့အား Grape City Inc မှ ဒါရိုက်တာ John E. Broman နှင့် Joshua Broman တို့က ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ပေးအပ်လှူဒါန်းသည်။

ဓာတ်ပုံပြပွဲတွင် "Friendly Myanmar ဓာတ်ပုံအထူးစာအုပ်" မှ ရွေးနုတ်ထားသည့် လက်ရွေးစင်ဓာတ်ပုံ ၅၄ ပုံကို ပြသထားပြီး အဆိုပါဓာတ်ပုံများအား ဓာတ်ပုံပြပွဲနောက်ဆုံးဖြစ်သည့် အောက်တိုဘာ ၁၈ ရက် နံနက်တွင် မြန်မာပြည်မှ ကလေးသူငယ်များ ပညာရေးဖွံ့ဖြိုးမှုရန်ပုံငွေအတွက် လေလံတင်ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ဓာတ်ပုံပြပွဲအား ယနေ့မှ ၁၇ ရက်အထိ ရန်ကုန်မြို့အမျိုးသားပြတိုက်ဖွင့်ချိန်များတွင် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံပိုင်ဟိုတယ်များငှားရမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ကလောဟိုတယ်၊ ပင်းတယဟိုတယ်၊ ဝန်ဇင်းဟိုတယ်နှင့် ကော့သောင်းမိုတယ်တို့အား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လေလံတင်ငှားရမ်းခဲ့ရာ လုပ်ငန်းရှင်များမှ ပြန်လည်အပ်နှံလာသဖြင့် ဝန်ကြီးဌာနက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထပ်မံလေလံတင်ငှားရမ်းရန်စီစဉ်လျက်ရှိသည်။

ဟိုတယ်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ငှားရမ်းခဲ့ရာတွင် တင်ဒါတင်သွင်းသူများမှ လေလံအောင်မြင်သော်လည်း ဆက်လက်မဆောင်ရွက်ဘဲ ရှောင်တိမ်းခြင်း၊ လက်ရှိဌာနပိုင်ဟိုတယ်ငှားရမ်းလုပ်ကိုင်နေသူများလျှောက်ထားခြင်းမပြုရဟူသော စည်းကမ်းချက်အပေါ် အခြားနာမည်ပြောင်းဖြင့် လျှောက်ထားခြင်း၊ လေလံအောင်မြင်ပြီးနောက် အခြားသူတစ်ဦးသို့လွှဲပြောင်းရောင်းချခြင်း၊ တချို့မှာ ငှားရမ်းခွင့်ရရှိခဲ့ပြီးသည့်နောက် ဟိုတယ်အားလုပ်ကိုင်ဆောင်ရွက်ရာတွင် ပြင်ဆင်ချိန်ကာလ တိုးမြှင့်သတ်မှတ်ပေးရန်နှင့် ငှားရမ်းခကင်းလွတ်ခွင့်ပြုရန်တောင်းခံခြင်း၊ မူလသဘောတူစာချုပ်ပါ အာမခံစပေါ်ငွေ အပြည့်အဝမသွင်းခြင်း၊ လုပ်ငန်းများ အောင်မြင်နေသော်လည်း အကြောင်းအမျိုးမျိုးပြ၍ငှားရမ်းခပေးသွင်းရန်ပျက်ကွက်နေခြင်း၊ စာချုပ်သက်တမ်းမကုန်ဆုံးမီ ပြန်လည်အပ်နှံခြင်း စသည်ဖြင့် ငှားရမ်းခြင်းဆိုင်ရာ နှစ်ဖက်သဘောတူ စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ဟိုတယ်များ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဆောင်ရွက်ရာတွင် ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့ (Win-Win) ဖြစ်စေရေး၊ ဟိုတယ်လုပ်ငန်းအားအမှန်တကယ်လုပ်ကိုင်မည့်သူများ ကြိုတင်သိရှိစေရေးအတွက် နိုင်ငံပိုင်ဟိုတယ်ငှားရမ်းလုပ်ကိုင်ရန် တင်ဒါ တင်သွင်းသူများအနေဖြင့် ကုမ္ပဏီ၏ Profile (သို့)လူပုဂ္ဂိုလ်ကိုယ်ရေးရာဇဝင်၊ ဘဏ်တွင် ထည့်ဝင်ထားသော ပုံမှန်ငွေကြေးထည့်သွင်းထားမှု၊ မိမိလုပ်ငန်းနှင့်ဆောင်ရွက်နေသော ဘဏ်၏လုပ်ငန်းရှင်အပေါ် အာမခံမှု၊ ရင်းနှီးမြှုပ်နှံမည့်ပမာဏနှင့် တိုးချဲ့လုပ်ကိုင်မည့် အစီအစဉ်အသေးစိတ်၊ မိမိအဆိုပြုတင်ပြထားသော ငွေပမာဏအပေါ်တွင် အကျိုးအမြတ်ရရှိနိုင်မည့် တွက်ချက်မှုအသေးစိတ်စသည့် အချက်အလက်များပေါ်စိစစ်၍ အဆိုပြုတင်သွင်းသည့် ဈေးနှုန်းတစ်ခုတည်းအပေါ်ဆုံးဖြတ်ခြင်းမဟုတ်ဘဲ ကုမ္ပဏီ (သို့မဟုတ်) လူပုဂ္ဂိုလ်၏ ခိုင်မာမှုကိုပါ စစ်ဆေး၍ လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် အိတ်ဖွင့်တင်ဒါအား နိုဝင်ဘာ ပထမပတ်အတွင်း စတင်ပြုလုပ်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား ထပ်မံရှင်းပြမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ Ratchaburi Electricity Generating Holding Public Co.,Ltd၊ Blue Energy & Environment Co.,Ltd၊ တိုင်းရင်းသားကုမ္ပဏီများဖြစ်သော Vantage Co.,Ltd၊ Kyaw Kyaw Phyo Co.,Ltd တို့အကြား တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီ (မြစ်ဝ)အနီးတွင် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်းအား JV/B.O.T စနစ်ဖြင့် အကောင်အထည်ဖော်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းအခမ်းအနားကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ Hotel Royal Ace ၌ ကျင်းပခဲ့သည်။

အလားတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ Global Power Synergy Co.,Ltd.၊ Sri Synergy Co., Ltd၊ EGAT International Co.,Ltd.၊ ဂျပန်နိုင်ငံ Marubeni Corporation၊ တိုင်းရင်းသားကုမ္ပဏီဖြစ်သော Ayeyar Hinthar Holdingss Co.,Ltd. တို့အကြား တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်းအား JV/B.O.T စနစ်ဖြင့် အကောင်အထည်ဖော်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယင်းနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ Thingaha Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါနားလည်မှုစာချွန်လွှာများအရ ဆောင်ရွက်ရာတွင် နေရာဒေသ၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အကူအညီများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်အကျိုးသက်ရောက်မှုအပေါ် အလေးထားခြင်း၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို တိကျစွာ လိုက်နာခြင်း အစရှိသည့် ကိစ္စရပ်များကို ကြိုတင်တွက်ချက်လေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းစေရန် ကျောက်မီးသွေးအား သန့်စင်သည့် နည်းပညာ (Clean Coal Technology) အသုံးပြုပြီး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၁-၁၀-၂၀၁၄ (စနေနေ့)

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၈း၀၀ | Kid's Show |
| ၈း၂၀ | ကလေးတို့ကမ္ဘာ |
| ၈း၄၀ | Cartoon Series (Curious Kcmi) |
| ၁၁း၀၀ | The Chef |
| ၁၁း၅၅ | Drive It |
| ၁၂း၂၀ | Healthy Life (ကလေးများဉာဏ်ရည်မြင့်မားရန်) |
| ၁၂း၄၀ | ဓမ္မဒူတဆရာတော်ဒေါက်တာ အရှင်ဆေကိန္ဒ၏"စကားအတတ် ပညာ"သင်တန်း |
| ၂း၂၀ | Education Talk (တက္ကသိုလ်ပညာရေးနှင့်သုတေသန) (အပိုင်း-၁) |
| ၁၀း၁၀ | Intellectual Talk (နိုင်ငံ၏ဦးနှောက်) [စာရေးဆရာဖေဖြင့်၊ မျိုးမြတ်သူ] |
| ၁၀း၄၀ | World Of Knowledge (Air Crash Investigation Pilot Vs Plane) |
| ၄း၀၅ | World Of Knowledge (Air Crash Investigation Pilot Vs Plane) |

ကံကောင်း
(အိမ်၊ ခြံ၊ မြေ)
သီလဝါ၊ ကျောက်တန်း၊ သန်လျင် မြေကွက်များ ရောင်းလို/ဝယ်လိုသည်၊
09-420185599
09-49300967

အမြန်ရောင်းမည်
၁။ (15'x75')ဒုထပ်၊ဗညားဒလလမ်း၊ မဂ်လာဈေးအနီး။
၂။ (40'x60')ဒဂုံတောင်ပိုင်း၊စက်မှုဇုံ။
၃။ (6100)စ/ပ သာကေတ၊ရတနာအိမ်ရာ။
၃။ (100'x435') လှည်းကူး၊ ဥယျာဉ်ခြံမြေ (ကားလမ်းမဘေး)
09-5155106
09-250357960

GUSTO
Institute of Information Technology
➡ ယနေ့ ၂၁ရာစုမှာ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုပါသလား?
➡ နိုင်ငံတကာ တက္ကသိုလ်ကြီးများမှ B.Sc.(Hons:) Computing ဘွဲ့ကို ပြည်တွင်း၌ အချိန်တိုအတွင်း စရိတ်သက်သာ စွာဖြင့် ရယူလိုပါသလား?

November Intake အတွက် ကျောင်းလျှောက်ထားနိုင်ပါပြီ
International Diploma/ Degree Program
HND Diploma in Computing (UK)
B.Sc.(Hons:) Computing (UK)
# 289 (A) Pyay Road, Sanchaung Tsp, Yangon. CALL NOW! 09- 8628806, 09-73031302

ချစ်ပိုင်သစ္စာ 562829,09-73198239 569782,09-43033237
•ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ(နေ့စဉ်)
www.chitpaithitsar.blogspot.com

ဇိနဝင်းနှင့်ရောင်းရင်းများ
တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်သို့ Nov 4 ထွက်မည်
၂၂၉၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း) 249871, 255553, 389611, 09-5137245

# ပညာရေးနှင့် အနာဂတ်

ငြိမ်းချမ်း (BE-IT)

ကျွန်တော်ငယ်စဉ်က စာအုပ်တစ်အုပ်ဖတ်ဖူးပါတယ်။ ဆရာဖေမြင့်ရဲ့ 'ဦးနှောက်မှာရင်းနှီးမြှုပ်နှံပါ' ဆိုတဲ့စာအုပ်ပါ။ မှတ်မိနေတာက အဆိုပါစာအုပ်ထဲမှာ ကောလိပ်တက်နေတဲ့ ကောင်မလေးတစ်ယောက်က အခက်အခဲတစ်ခုကြောင့် ကောလိပ်ကထွက်လိုက်တဲ့အခါ သူမရဲ့ ဖခင်က စာအုပ်ကောင်းတွေကို ဝယ်ယူဖတ်ရှုစေပြီး သူမဟာ တဖြည်းဖြည်းနဲ့ ပညာတတ်တစ်ယောက်လို အတွေးအခေါ်တွေရှိလာခဲ့တာကို မှတ်မိနေပါတယ်။ တစ်ခုတော့ရှိတာပေါ့လေ။ အင်ဂျင်နီယာလို ပညာရပ်တွေဆိုရင်တော့ ကောလိပ်မှာတက်ပြီး စနစ်တကျ တက်ရောက်သင်ကြားမှသာ အဆင်ပြေနိုင်မှာဖြစ်တယ်လို့ စာရေးသူက ဆိုထားပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆယ်တန်းအောင်ပြီဆိုတာနဲ့ ကျောင်းသားတွေဟာ ရွေးချယ်စရာ လမ်းနှစ်လမ်းကို စဉ်းစားကြတယ်လို့ထင်ပါတယ်။ တစ်လမ်းက အဝေးသင်ဖြစ်ပြီး နောက်တစ်လမ်းက နေ့ကျောင်းဖြစ်ပါတယ်။ အများစုကတော့ အဝေးသင်ကို ရွေးချယ်ကြမယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ခုစလုံးဘွဲ့ရတာချင်းအတူတူ နေ့ကျောင်းက အချိန်ပေးရပြီး ငွေကြေးကုန်ကျမှာဖြစ်ပေမယ့် အဝေးသင်ကတော့ အချိန်သိပ်ပေးစရာ မလိုအပ်သလို အလုပ်လည်းလုပ်နိုင်မှာဖြစ်ပြီး ငွေကြေးကုန်ကျမှုလည်း သိပ်မရှိတဲ့အတွက် အများစုက အဝေးသင်ကို ရွေးချယ်ကြတာဖြစ်ပါတယ်။

နေ့ကျောင်းနဲ့ အဝေးသင်ကွာခြားချက်ကို ပြောလိုခြင်းတော့မဟုတ်ပါ။ စာရေးသူငယ်စဉ်က တွေ့ခဲ့ဖူးတဲ့ ကျောင်းသားတွေကို ဥပမာပေးလိုပါတယ်။ တစ်ယောက်က အဝေးသင်၊ တစ်ယောက်က နေ့ကျောင်း။

နေ့ကျောင်းတက်တဲ့ တစ်ယောက်အကြောင်း အရင်ပြောချင်ပါတယ်။ သူကသိပ်အချမ်းသာကြီးမဟုတ်သလို ပညာရေးမှာလည်း ဆယ်တန်းကို နှစ်ခါဖြေပြီး အောင်တဲ့နှစ်မှာ ငါးဘာသာရှိတဲ့အနက် အမှတ်ပေါင်း ၂၀၀ ကျော်လောက်နဲ့ အောင်မြင်ခဲ့သူပါ။ သူကဆယ်တန်းအောင်ပြီး ဒုတိယနှစ်ဖြေပြီးတော့ အင်္ဂလိပ်စာလေ့လာဖြစ်တယ်။ စာဖတ်လည်းဝါသနာပါတော့ စာတွေနင်းကန်ဖတ်ဖြစ်တယ်ဆိုပါတော့။ ဒီလိုနဲ့ အင်္ဂလိပ်စာလေ့လာရင်း အသိပညာတွေကို ဆည်းပူးဖို့ တော်တော်ဝါသနာပါသွားတယ်။ ဒီလိုနဲ့ ဆယ်တန်းအောင်တော့ အများစုက အဝေးသင်တက်ကြပေမယ့်သူကတော့ နေ့ကျောင်းတက်ဖြစ်တယ်။ မန္တလေးမှာပေါ့။ မန္တလေးဆိုတော့ မြန်မာပြည်ရဲ့ ဒုတိယမြို့တော်ဖြစ်တော့ ရန်ကုန်လိုပဲ အင်္ဂလိပ်စာသင်တန်းတို့၊ တရုတ်စာသင်တန်းတို့ ကောင်းကောင်းရှိတယ်။ သူကတက္ကသိုလ်တက်စဉ်မှာ အဆိုပါသင်တန်းတွေကိုလည်း တစ်ဖက်တက်ရောက်ပြီး ကျောင်းမှာလည်းနှစ်စဉ် အမှတ်ကောင်းကောင်းနဲ့ အောင်မြင်ခဲ့တဲ့အတွက် ဘွဲ့လွန်သင်တန်းတက်ရောက်ခွင့်ရခဲ့တယ်။ ဘွဲ့လွန်သင်တန်းတက်ရောက်တဲ့အချိန်မှာ သူက ဘာသာစကားတွေ ကျွမ်းကျင်နေပြီဖြစ် သလို သက်ဆိုင်ရာ တက်ရောက်ခဲ့တဲ့ ဘာသာရပ်မှာလည်း ထူးချွန်သူဖြစ်လို့ အခက်အခဲမရှိ တက်ရောက်နိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ ကျောင်းပြီးတော့ တက္ကသိုလ်မှာ နည်းပြဝင်လုပ်ရင်း အစိုးရက နိုင်ငံခြားပညာတော်သင်စေလွှတ်ခြင်းခံခဲ့ရတယ်။ ခုတော့ နာမည်ကျော်တက္ကသိုလ် ဆရာကြီးဖြစ်နေပြီပေါ့။ အဲဒီအတွက် ဆယ်တန်းအောင်တဲ့အချိန်ကနေ စတွက်ရင် လေးငါးနှစ် ကျော်ကျော်လောက်ပဲကြာပါတယ်။

> ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ ဘဝအခြေအနေကို လက်သင့်ခံပြီး အဲဒီအခြေအနေကို ရတဲ့နည်းနဲ့ ပြောင်းလဲလို့ ရနိုင်တယ်ဆိုတာကိုပါပဲ။ အဲဒီအတွက် အကောင်းဆုံးကတော့ ပညာရေးသာလျှင်ဖြစ်တယ်လို့ ဆိုချင်ပါတယ်

နောက်တစ်ယောက်ကတော့ ဆယ်တန်းကို ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်မြင်ခဲ့ပြီး အဝေးသင်တက်ရောက်ခဲ့သူပါ။ ဧရာဝတီတိုင်းဒေသကြီး ရွာလေးတစ်ရွာကနေ အောင်မြင်ခဲ့ပြီး ဆယ်တန်းအောင်တာနဲ့ ရန်ကုန်မှာ အလုပ်လာလုပ်ပါတယ်။ ရသမျှလစာ အိမ်ပြန်ပို့၊ ပုသိမ်အဝေးသင်ဖြေခါနီးဆိုရင် လစာကြိုထုတ်ကာ ရွာပြန်ပြီး စာမေးပွဲဖြေလေ့ရှိပါတယ်။ အားတဲ့အချိန်တွေမှာ မြောက်ဥက္ကလာပက ဘုန်းတော်ကြီးကျောင်းမှာ ပညာဒါနအခမဲ့ ဂျပန်စာသွားသင်ပါတယ်။ ဒီလိုနဲ့ အဝေးသင်နဲ့ပြီးသွားတယ်ဆိုပါတော့။ အဝေးသင်ပြီးတော့ ဘွဲ့လက်မှတ်တစ်ခုရပြီဖြစ်တဲ့အတွက် နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ဘွဲ့လွန်ဒီပလိုမာတွေတက်လို့ရတဲ့အတွက် ဂျပန်စာတက်ခဲ့ပါတယ်။ နံနက်ပိုင်းပေါ့။ အလုပ်ကလည်းတစ်ဖက်နဲ့။ အဲဒီမှာတက်ရတာ ငွေကြေးကုန်ကျမှုလည်း သိပ်မရှိတဲ့အတွက် သူ့အတွက် အခက်အခဲသိပ်မရှိပါဘူး။ ဒီလိုနဲ့ ဂျပန်စာ ဒီပလိုမာလည်း ပြီးသွားခဲ့ပါတယ်။ ယခုတော့ ပြည်ပနိုင်ငံတစ်ခုမှာ အလုပ်အကိုင်ကောင်းကောင်းနဲ့ ဝင်ငွေတော်တော်ကောင်းနေပြီဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လုံးဝ သုညနီးပါး ဘဝအခြေအနေရှိတဲ့ တွေ့ကြုံခဲ့ဖူးတဲ့ သူနှစ်ယောက်ရဲ့ ပညာရေးကို အရင်းအနှီးပြုပြီး အဆင်ပြေတဲ့ ဘဝတစ်ခုကို တည်ဆောက်သွားနိုင်တာကို တင်ပြရခြင်းဟာ နေ့ကျောင်းပဲဖြစ်ဖြစ်၊ အဝေးသင်ပဲဖြစ်ဖြစ် မိမိတို့ရဲ့ ကြိုးစားမှုသာ ပဓာနဆိုတာကို ပြောလိုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ ဘဝအခြေအနေကို လက်သင့်ခံပြီး အဲဒီအခြေအနေကို ရတဲ့နည်းနဲ့ ပြောင်းလဲလို့ရနိုင်တယ်ဆိုတာပါပဲ။ အဲဒီအတွက် အကောင်းဆုံးကတော့ ပညာရေးသာလျှင်ဖြစ်တယ်လို့ ဆိုချင်ပါတယ်။ သေချာမှုလည်းရှိသလို ဘဝအဆင်ပြေလာတဲ့အခါ ပညာတတ်ဆိုတဲ့ အသိုက်အဝန်းထဲလည်း ရောက်ရှိနိုင်မှာဖြစ်ပါတယ်။

ယခုအခါ တက္ကသိုလ်၊ ကောလိပ်များစွာလည်း ဖွင့်လှစ်နေပြီဖြစ်သလို ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာ တက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်စတာတွေလည်း များစွာရှိပြီဖြစ်တဲ့အတွက် လွန်ခဲ့တဲ့နှစ်များစွာဆီက အထက်တန်းကျောင်းသားတွေမက်ခဲ့ဖူးတဲ့ စက်မှုတက္ကသိုလ်အိပ်မက်၊ ဆေးကျောင်းအိပ်မက်၊ ကုံကော်တန်းက ရန်ကုန် တက္ကသိုလ် အိပ်မက်တွေကိုလည်း မက်နိုင်နေပြီဖြစ်ပါတယ်။ အစိုးရအလုပ် အကိုင်တွေမှာလည်း ပညာတော်သင်တွေကို ပြည်ပနိုင်ငံကြီးတွေဆီ ယခင်က ထက် များစွာပို့လွှတ်နေပြီဖြစ်ပါတယ်။ နိုင်ငံတကာ အလုပ်အကိုင်များစွာ ဖြစ်ထွန်းလာပြီဖြစ်သလို ပြည်ပမှာအလုပ်သွားလုပ်ဖို့၊ ကျောင်းတက်ဖို့ဆိုတာ တွေကလည်း သိပ်ခက်ခဲတော့တာ မဟုတ်ပါဘူး။

ဒါကြောင့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ မိမိတို့ သက်ဆိုင်ရာ အထူးပြုဘာသာရပ်တွေမှာ အမှတ်ကောင်းကောင်းနဲ့ အောင်မြင်ဖို့၊ ဘာသာစကားတွေ၊ မိမိတို့ဘာသာရပ်နဲ့ပတ်သက်တဲ့ ပညာရပ်တွေကို တစိုက်မတ်မတ် ထူးချွန်အောင်ကြိုးစားကြခြင်းဖြင့် အချိန်တိုအတွင်း ဘဝကိုပြောင်းလဲနိုင်မှာဖြစ်တယ်ဆိုတာ မလွဲမသွေပဲဖြစ်ပါတယ်။ အင်တာနက်လိုင်း၊ ကွန်ပျူတာစတဲ့ ပညာရေးအထောက်အကူပြု ကိရိယာတွေကလည်း ယခင်လိုသုံးစွဲဖို့ သိပ်ခက်ခက်ခဲခဲမရှိတော့ဘဲ လက်တစ်ကမ်းမှာရှိနေပြီဖြစ်ပါတယ်။ စာရေးသူအနေနဲ့ ကျောင်းသားလူငယ်တွေကို အကြံပြုလိုတာက ပညာရေးဆိုတာ မိမိတို့ရဲ့ အနာဂတ်ကို ဖန်တီးပေးနိုင်မယ့် အသေချာဆုံးသော လမ်းကြောင်းတစ်ခုပဲလို့ဆိုချင်ပါတယ်။ ဒါကြောင့် ဦးနှောက်မှာရင်းနှီးမြှုပ်နှံကြပါလို့ တိုက်တွန်းချင်ပါတယ်။ ။

## မျက်စိရောဂါကြောင့် အမြင်အာရုံချို့တဲ့မှု ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူပေါင်းနှင့် မျက်စိကွယ်သူပေါင်းမှာ ၂၈၅ သန်းခန့် ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ခန့်မှန်းထားပါသည်။ ၎င်းတို့၏ ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ပါသည်။ အမြင်အာရုံချို့တဲ့သူများ၏ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရကြောင်း သိရှိရပါသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ အမြင်အာရုံချို့တဲ့သူများတွင် ၄၂ ရာခိုင်နှုန်းမှာ မျက်မှန်လိုအပ်ခြင်းကြောင့် လည်းကောင်း၊ ၃၃ ရာခိုင်နှုန်းမှာ အတွင်းတိမ်ရောဂါကြောင့်လည်းကောင်း၊ ကျန် ၂၂ ရာခိုင်နှုန်းမှာ အခြားမျက်စိရောဂါကြောင့်လည်းကောင်းဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် အမြင်အာရုံချို့တဲ့ရခြင်း၏ အဓိကအကြောင်းအရင်းမှာ အတွင်းတိမ်ရောဂါကြောင့်အဖြစ်များပြီး ရေတိမ်ရောဂါ၊ ဆီးချို၊ သွေးတိုးစသောရောဂါများကြောင့်လည်း မျက်စိအမြင်လွှာပျက်စီးပြီး မျက်ခမ်းစပ်ရောဂါနှင့် ထိခိုက်ဒဏ်ရာရခြင်းတို့ကြောင့် အမြင်အာရုံချို့တဲ့ခြင်းဖြစ်ပေါ်နိုင်ပါသည်။

အတွင်းတိမ်ရောဂါတွင် အသက်အရွယ်ကြီးရင့်၍ဖြစ်သော အတွင်းတိမ်ရောဂါ (Senile Cataract)သည် အများဆုံးဖြစ်ပြီး အချိန်မီခွဲစိတ်ကုသပါက အမြင်အာရုံကို ပြန်လည်ရရှိနိုင်မည်ဖြစ်ပါသည်။ အကယ်၍ အချိန်မီခွဲစိတ်ကုသခြင်းမပြုပါက မျက်လုံးအိမ် နီရဲရောင်ရမ်းခြင်း၊ မခံမရပ်နိုင်အောင် ကိုက်ခဲခြင်း၊ မျက်စိအာရုံကြောထိခိုက်ပျက်စီးခြင်းကြောင့် မျက်စိကွယ်နိုင်ပါသည်။ ထို့ကြောင့် ကုသ၍ ပြန်လည်မြင်နိုင်သည့် အတွင်းတိမ်ရောဂါကို အချိန်မီကုသရန် လွန်စွာအရေးကြီးပါသည်။

ယခုအခါတွင် နိုင်ငံတော်မှ ပံ့ပိုးကူညီမှုများကြောင့် အတွင်းတိမ်၊ ရေတိမ်အစရှိသည့် မျက်စိရောဂါများကို မျက်စိအထူးကုဆေးရုံကြီးများနှင့် အခြားမျက်စိကုဌာနများတွင်လည်း အခမဲ့ခွဲစိတ်ကုသပေးနေပြီဖြစ်ပါသည်။ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများမှလည်း ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက် ရှာဖွေကုသပေးနေပါသည်။ သို့ဖြစ်ပါ၍ မျက်စိရောဂါကြောင့် အမြင်အာရုံချို့တဲ့မှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မျက်စိရောဂါဖြစ်ပွားနေသူများအနေဖြင့် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် စနစ်တကျ ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**ရွှေဘို အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးတင့်လွင်ဦးနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများသည် အောက်တိုဘာ ၇ ရက်က မြို့နယ်အတွင်းရှိ ပြည်သူများ ဓာတ်လိုက်မှုအန္တရာယ် ကင်းဝေးစေရေးအတွက် ပညာပေးပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းကြိုးများ ပြတ်တောက်ပါက အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ဓာတ်အားကြိုး ထိန်းများအား လူစည်ကားရာ နေရာများတွင် ချိတ်ဆက်တပ်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(နေလင်းအောင်)**






**ပြည်တွင်းရေးရာ**

# နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သြစတြေးလျ ခနသဟာယနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနတို့အကြား ညှိနှိုင်း ဆွေးနွေးမှု ယန္တရားတည်ထောင်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို




ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါနားလည်မှုစာချွန်လွှာအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျ ခနသဟာယနိုင်ငံ သံအမတ်ကြီး မစ္စ ဘရွန်တီ နာဒိုင်းမိုးလ်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ဓါတ်ပုံ)**

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့ သြစတြေးလျနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အာဆီယံ+၃ ပူးတွဲပြင်ဆင်မှုအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ ပူးတွဲပြင်ဆင်မှု အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး နှင့် ဆက်စပ်အစည်းအဝေးများမတိုင်မီ အကြိုညှိနှိုင်းအစည်းအဝေးများဖြစ်သည့် အာဆီယံ+၃ ပူးတွဲပြင်ဆင်မှုအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ ပူးတွဲပြင်ဆင်မှု အစည်းအဝေးတို့ကို နေပြည်တော်ရှိ Grand Amara Hotel ၌ အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပသည်။

အစည်းအဝေးသဘာပတိအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက ဆောင်ရွက်ပြီး အာဆီယံ +၃ အစည်းအဝေးတွင် အာဆီယံ(၁၀)နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးတွင် အာဆီယံနိုင်ငံများနှင့် အရှေ့အာရှ ဒေသတွင်းနိုင်ငံများဖြစ်ကြသော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ သြစတြေးလျ၊ နယူးဇီလန်၊ ရုရှား၊ အမေရိကန် စသည့်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးများတွင် လက်ရှိဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့် (၂၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် ဆွေးနွေးမည့်ကိစ္စရပ်များကို ကြိုတင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာရှ-ပစိဖိတ်ဒေသအတွင်းနိုင်ငံများ အပူပိုင်းမုတ်သုံမိုးသစ်တောများ ကာကွယ်ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့စွာ အသုံးပြုရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၀**



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်အား သြစတြေးလျနိုင်ငံ ပတ်ဝန်းကျင်ရေးရာဦးစီးဌာန အာရှ-ပစိဖိတ် ဒီရေတောများဆိုင်ရာ ထိပ်သီးအစည်းအဝေး၏ အထူးအကြံပေးဖြစ်သူ ဂုဏ်ထူးဆောင်ပါမောက္ခ Robert Hill AC နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သြစတြေးလျနိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်ဒေသအတွင်းနိုင်ငံများအား အပူပိုင်းမုတ်သုံမိုးသစ်တောများ ကာကွယ်ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့စွာ အသုံးပြုရေးကိစ္စရပ်များနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် အကူအညီပေးလျက်ရှိမှု၊ ယခုနှစ်အတွင်း သြစတြေးလျနိုင်ငံ၌ ကျင်းပမည့် World Park Congress နှင့် Rainforest Summit များသို့ တက်ရောက်ရန် ဖိတ်ကြားလိုမှုတို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ သစ်တောပြုန်းတီးခြင်းနှင့် သစ်အတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Reducing Emissions from Deforestation and Forest Degradation -REDD+) လုပ်ငန်းစဉ်များအတွက် REDD+ လမ်းပြမြေပုံတွင်ပါရှိသော Monitoring Reporting and Verification (MRV) လုပ်ငန်းများ၊ မိုးသစ်တောနှင့် ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ သစ်တောထိန်းသိမ်းရေး၊ တရားမဝင်သစ်ခိုးထုတ်မှု တားဆီးရေးနှင့် သစ်တောစီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေးကို နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် မြှင့်တင်ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများ၏ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများ၏ အကြိုညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ The Lake Garden Hotel ၌ အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပသည်။ အဆိုပါ အကြိုညှိနှိုင်းအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ အဆင့်မြင့်စီးပွားရေးအရာရှိများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ် စုစုပေါင်း ၄၅ ဦးတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိဒေါ်သန်းသန်းလင်းက အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်သည်။

အကြိုညှိနှိုင်းအစည်းအဝေးတွင် နိုဝင်ဘာလ၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့တင်ပြမည့် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ၏ အစီရင်ခံစာ၊ စီးပွားရေးဖွံ့ဖြိုးမှုမျှတသော အာဆီယံမူဘောင် အကောင်အထည်ဖော်ရေးဆိုင်ရာ လေ့လာသုံးသပ်ရေးအစီရင်ခံစာ၊ အာဆီယံနိုင်ငံများအတွက် အစိုးရ-ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှုမူဘောင်ရေးဆွဲရေးနှင့်အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အလွန်မူဘောင်ရေးဆွဲရေးတို့ကို ဆွေးနွေးညှိနှိုင်းကြသည်။ ထို့အပြင် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ ထုတ်ပြန်မည့်သဘာပတိကြေညာချက်တွင် ထည့်သွင်းဖော်ပြမည့် အာဆီယံစီးပွားရေးမဏ္ဍိုင်၏ အချက်အလက်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များသည် အောက်တိုဘာ ၁၁ ရက်တွင် Grand Amara Hotel ၌ ကျင်းပမည့်(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ပူးတွဲအကြိုညှိနှိုင်းအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာပေဗိမာန်စာမူဆု ဒုတိယဆုရစာအုပ်သစ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ

၂၀၁၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော စာမူများကို စာအုပ်အဖြစ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါစာအုပ်များမှာ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆုရ ဝိသာဇ္ဇက (ပဲခူး)၏ "အလှအယဉ် မြန်မာ့ ဓလေ့ပွဲတော်တစ်ခွင်" (ရောင်းဈေး ၇၀၀ ကျပ်)၊ ပြဇာတ်စာပေ ဒုတိယဆုရ မောင်ဆန္ဒ (လယ်ဝေး)၏ "အိုမဝေးဘူးရောက်လုပါပြီ" (ရောင်းဈေး ၆၀၀ကျပ်)၊ စာပဒေသာ ဒုတိယဆုရမြင့်စိုး (တနလ)၏ "ပန်းဝတ်မှုန်ထုံကာ သင်းလို့ရယ်နှင့် အခြားဆောင်းပါးများ" (ရောင်းဈေး ၇၀၀ ကျပ်)၊ လူငယ်စာပေ ဒုတိယဆုရ ရဲမြတ်တင်၏ "ဒုတိယဆရာနှင့်အခြားဝတ္ထုတိုများ" (ရောင်းဈေး ၈၀၀ကျပ်)၊ ကလေးစာပေ ဒုတိယဆုရ မောင်သာမွှေး၏ "ပန်းရတနာလေးများနှင့် ကလေးဝတ္ထုတိုများ" (ရောင်းဈေး ၇၀၀ ကျပ်)တို့ဖြစ်သည်။

အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀-၃၁၀၁-၃၈၁၄၄၈၊ အမှတ် (၂၄၅-၂၄၇) အနော်ရထာလမ်းနှင့် (၉) လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း- ၀၆၇-၄၁၄၆၈၁၊ (၈၆) လမ်း၊ (၂၁) လမ်းနှင့် (၂၂) လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း -၀၁-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊၃၈၁၄၄၈ တို့သို့ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၀**

ယနေ့ညနေ ၆ နာရီခွဲ အချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟွဒ်ဟွဒ်" (Hud Hud)သည် မြန်မာနိုင်ငံ ကိုကိုးကျွန်း၏ အနောက်-အနောက်မြောက်ဘက် မိုင် ၃၉၀ခန့်နှင့် အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက်မိုင် ၂၆၀ ခန့် အကွာပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်- အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနေခြင်းမရှိသည့်အတွက် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**



# ပြည်တွင်းရေးရာ



ကွမ်ရှီးဆေးတက္ကသိုလ်မှ လက်တွေ့သင်ကြားရေးပစ္စည်းများကို တွေ့ရစဉ်။

## ✻ နန်နင်းမှ

လေဆိပ်မှခေတ္တတည်းခိုမည့် လိယွမ်နိုင်ငံတော်ဧည့်ဂေဟာသို့ မော်တော်ယာဉ်ဖြင့်သွားသည့် လမ်းတစ်လျှောက်တွင်လည်း မိုးမျှော်တိုက်များက ရှုမျှော်မဆုံးနိုင်၊ လမ်းဘေးဝဲ၊ ယာတစ်လျှောက်တွင်လည်း သစ်ပင်၊ ပန်းပင်များက သေသပ်လှပနေသည်။ မော်တော်ကား တဝီဝီ၊ ဆိုင်ကယ်တဝီဝီဖြင့် ကမ္ဘာ့စီးပွားရေးဇာတ်ခုံပေါ်၌ လှုပ်ရှားနေဟန်ရှိသည့် နန်နင်းဒေသခံတို့ကို တွေ့မြင်ရသည်။

ယင်းကိုကြည့်ခြင်းဖြင့် "ကြောင်ဖြူတာ၊ ကြောင်မည်းတာအရေးမကြီးဘူး ကြွက်ခုတ်ဖို့သာ အဓိက"ဟုဆိုသည့် တရုတ်ပြည်စီးပွားရေးကို ပြုပြင်ပြောင်းလဲခဲ့သော ဝန်ကြီးချုပ်ဟောင်း တိန့်ရှောင်ဖိန့်၏ မျက်နှာကို ပြေးမြင်မိသည်။

ထို့ပြင် တရုတ်-မြန်မာဆက်ဆံရေးအကြောင်းကိုလည်း တွေးမိသည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နယ်နိမိတ်ချင်း မိုင်ပေါင်းထောင်ကျော် ထိစပ်နေပြီး သမိုင်းကို ခြေရာပြန်ကောက်ကြည့်လျှင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ကြောင်း ကြေညာလိုက်သည်နှင့် တရုတ်ပြည်ကို အသိအမှတ်ပြုခဲ့သည့် အာရှနိုင်ငံများထဲတွင် ပထမဆုံးမှာ မြန်မာနိုင်ငံပင်ဖြစ်သည်။ ယင်းအချိန်က ဝန်ကြီးချုပ် ဦးနု၊ တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းတို့က ဒေသတွင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး ၅ ရပ်ကို ချမှတ်နိုင်ခဲ့သလို နှစ်နိုင်ငံ နယ်စပ်အရေးနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေးကိုလည်း ချမှတ်နိုင်ခဲ့သည်။

ယခုဆိုလျှင် မြန်မာနှင့်တရုတ်တို့မှာ မဟာဗျူဟာမြောက် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ခရီးစဉ်အတွင်း အမှတ်တရရှိသည်မှာ နန်နင်းမြို့ရှိ ကွမ်ရှီး Higreen လယ်ယာထွက်ကုန် ကုန်စည်စီးဆင်းမှုစင်တာနှင့် သစ်သီးဝလံလက်ကားဈေးတို့ဖြစ်သည်။ ထိုစင်တာ၌ ဒေသမှထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် သစ်သီးဝလံများကို အရည်အသွေးစစ်ဆေးပေးလျက်ရှိပြီး အရည်အသွေးစစ်ဆေးပြီးသည့် သစ်သီးဝလံများကို တခြားပြည်နယ်များနှင့် အခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သစ်သီးဝလံလက်ကားဈေးတွင် ဒေသအသီးသီးမှထွက်ရှိသည့် သစ်သီးဝလံများကို ကွန်တိန်နာယာဉ်များဖြင့် သယ်ယူလာပြီး အရောင်းအဝယ်ပြုလုပ်နေသည်ကို မြင်ရသည်မှာ အားကျစရာကောင်းလှသည်။

အဆိုပါစင်တာနှင့် လက်ကားဈေးမှာ စတုရန်းမီတာ ခြောက်သိန်းအကျယ်အဝန်းရှိပြီး ကုန်စည်သိုလှောင်ဂိုဒေါင်၊ ရောင်းဝယ်ရေးလက်ကားဈေး၊ စီးပွားရေးဝန်ဆောင်မှု၊ တည်းခိုရိပ်သာဆောင်များ တည်ဆောက်ပေးထားသည်။ အဆိုပါဈေးမှရောင်းချသည့် သစ်သီးဝလံအပါအဝင် ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး၊ အချောထည်ထုပ်ပိုးရေးနှင့် ပို့ဆောင်ရေးတို့အတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ယင်းတို့ကို တွေ့မြင်ရသည်မှာ မိမိတို့နိုင်ငံအဖို့ အတုယူဖွယ်ရာကောင်းလှသည်။ ဈေးကွက်ရှိပြီးသားဖြစ်သည့် မြန်မာပြည်တွင်လည်း ရေလည်းရှိ၊ မြေလည်းရှိ၊ စိုက်ပျိုးရေးဆောင်ရွက်နိုင်သည့် အခြေခံကောင်းများရှိနေသည့်အတွက် သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို ယခုထက် ပိုမိုစိုက်ပျိုးပြီး ထွက်ရှိလာမည့် သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို အရည်အသွေး စစ်ဆေးရေးဌာန တည်ဆောက်ပြီး အရည်အသွေးစစ်ဆေးကာ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ကြိုးစားသင့်ပေသည်။

အလားတူ ခရီးစဉ်အတွင်း ကွမ်ရှီးဆေးတက္ကသိုလ်နှင့် ကွမ်ရှီးဆေးရုံတို့သို့လည်း သွားရောက်လေ့လာခဲ့သည်။ ယင်းဆေးရုံအနေဖြင့် ကွမ်ရှီးပြည်နယ်ရှိ ဒေသခံများသာမက မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများမှ ကျောင်းသားကျောင်းသူများလည်း ဆေးပညာလာရောက်သင်ကြားလျက်ရှိကြကြောင်း သိရသည်။ တက္ကသိုလ်၏ ကြီးမားလှသည့်အဆောက်အအုံ၊ သပ်ရပ်လှပသည့် အပြင်အဆင်တို့မှာ အားကျဖွယ်ရာပင်။ သင်ကြားရေးဆောင်တွင်လည်း လက်တွေ့သင်ကြားရေးပစ္စည်းများ၊ ကွန်ပျူတာခန်းများနှင့် သင်ကြားရေးစက်ကိရိယာများက စုံလင်လှပြီး အဆိုပါဆေးတက္ကသိုလ်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း နာမည်ကြီးသည့် ဆေးတက္ကသိုလ် ၂၀ တွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးတက္ကသိုလ်၏ အောက်ရှိ အမှတ်(၁)တွဲဖက်ဆေးရုံမှာ ယင်းဆေးတက္ကသိုလ်နှင့် မလှမ်းမကမ်းတွင် တည်ဆောက်ထားသည်ကို တွေ့ရှိရပြီး ဆေးရုံသို့ ကွမ်ရှီးပြည်နယ်ရှိ ဒေသခံများသာမက တခြားပြည်နယ်များမှ ပြည်သူများ၊ နိုင်ငံခြားတိုင်းပြည်များမှလည်း လာရောက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဆေးရုံအနေဖြင့် ကျန်းမာရေးဝန်ထမ်းအင်အားနှင့် ဆေးကုသရေးကိရိယာများစုံလင်လှပြီး နန်နင်းမြို့ရှိ ယုံမြစ်နှင့် မလှမ်းမကမ်းတွင်လည်း တည်ဆောက်ထားခြင်းကြောင့် ကျန်းမာရေးအတွက် ဆေးကုသမှုခံယူကြသူများအနေဖြင့် လေဝင်လေထွက်ကောင်းမွန်ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေတို့ကို ကြည့်ရှုနိုင်အောင် စီစဉ်ထားသည်ကို တွေ့မြင်ရသည်။ နောင်တွင်လည်း ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရန် ကွမ်ရှီးပြည်နယ်၏ကျန်းမာရေးမူဝါဒကိုလည်း ပြောင်းလဲကျင့်သုံးရန် စီစဉ်လျက်ရှိသည်ဟု တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိခဲ့ရသည်။

အဆိုပါ ဆေးရုံတွင် ဝန်ထမ်းအင်အား ၅၆၀၀ ကျော်ဖြင့် တစ်နေ့လျှင် လူနာပေါင်း တစ်သောင်းကျော်တို့ကို ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိသည်ဟု တာဝန်ရှိသူတို့က ပြောပြခဲ့သည်။

ထို့ပြင် နန်နင်းမြို့စီမံခန့်ခွဲမှုပြတိုက်နှင့် ကွမ်ရှီးပြည်နယ် စီမံခန့်ခွဲမှုပြတိုက်တို့သို့ သွားရောက်လေ့လာနိုင်ရန် တရုတ်နိုင်ငံမှ တာဝန်ရှိသူများက စီစဉ်ပေးထားသည်။ ပြတိုက်အထဲတွင် နန်နင်းမြို့နှင့် ကွမ်ရှီးပြည်နယ်တို့၏ ယခင်အခြေအနေ၊ ယခုတိုးတက်လာမှုအခြေအနေနှင့် နောင်အနာဂတ်တွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ကြည့်ရှုလေ့လာခဲ့ရသည်။ စာရေးသူတို့အား တရုတ်အမျိုးသမီးငယ်တစ်ဦးက လိုက်လံရှင်းလင်းပြသသည်။ ၎င်းကိုကြည့်ရသည်မှာ ဖျတ်လတ်တက်ကြွပြီး ၂၁ ရာစုကို ရင်ဆိုင်ရန် အသင့်ရှိနေပုံရသည်။ ၎င်းကပင် ကွမ်ရှီးပြည်နယ်အနေဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ၂၀၃၀ တွင် အပြီးတည်ဆောက်ထားရန် ပြည်နယ်အစိုးရအနေဖြင့် စီစဉ်ထားကြောင်း ရှင်းပြခဲ့သည်။

ဆက်လက်၍ နန်နင်းမြို့နှင့် ကွမ်ရှီးပြည်နယ်၏ အနာဂတ်တွင် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ရှင်းလင်းပြသရာ တရုတ်ပြည်အနေဖြင့် ၂၁ ရာစု၏ ဈေးကွက်စီးပွားရေးကို အပြည့်အဝထွေးပိုက်ထားပုံရသည်။ လက်ရှိ ရှိရင်းစွဲနန်နင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုသည်ပင်လျှင် မိုးမျှော်အဆောက်အအုံ၊ မည်းမှောင်တောက်ပနေသည့် ကတ္တရာလမ်းများ၊ ဘေးပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ထားမှုတို့ကို မြင်တွေ့ရသည်မှာ ၂၁ ရာစု၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ဟန်ချက်ညီလှသည်။

နန်နင်းမြို့ အားကစားရုံ၌ ကျင်းပသည့် (၄၅)ကြိမ်မြောက် ကမ္ဘာ့ကျွမ်းဘားပြိုင်ပွဲတွင် တရုတ်လူငယ်များ၏ ယှဉ်ပြိုင်သွားလာမှုကိုတွေ့ရသည်မှာ ကမ္ဘာ့စီးပွားရေး ဇာတ်ခုံပေါ်တွင်သာမက ကမ္ဘာ့အားကစားဇာတ်ခုံပေါ်တွင် ၎င်းတို့အတွက် နေရာတစ်နေရာရရှိရန် အကြိတ်အနယ် ယှဉ်ပြိုင်နေမှုမှာ အားရဖွယ်ကောင်းလှသည်။ ယင်းကို ကြည့်ခြင်းအားဖြင့် တရုတ်တိုင်းပြည်ခေါင်းဆောင်များအနေဖြင့် စီးပွားရေးဘက်တွင်သာမက ကဏ္ဍပေါင်းစုံတွင်လည်း တရုတ်ပြည်သူတို့ စင်ပေါ်တက်နိုင်ရန်အတွက် အားဖြည့်ပေးထားပုံရသည်။

မြန်မာပြည်သို့ပြန်ရမည့်နေ့တွင် နန်နင်းမြို့၏ ကျေးရွာအုပ်စုဆေးရုံနှင့် ရပ်ကွက်ဒေသန္တရဆေးခန်းတို့ကို သွားရောက်လေ့လာခဲ့ရသည်။ ကျေးရွာအုပ်စုဟုဆိုသော်လည်း တောရိပ်တောင်ရိပ်တို့ မတွေ့ရချေ။ လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုတို့ ဟန်ချက်ညီလှသည့် အဆောက်အအုံတို့ကို အစီအရီတွေ့မြင်ရသည်။ ကျေးရွာအုပ်စုဆေးရုံ ဆိုသော်လည်း ဆရာဝန်အင်အား၊ ဆေးရုံသုံးစက်ကိရိယာပြည့်စုံမှု၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုမှာ အားကျဖွယ်ကောင်းလှသလို တရုတ်တိုင်းရင်းဆေးပညာဖြင့်လည်း ရောဂါအမျိုးမျိုးကို ကုသပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။ ထိုမျှမက လူနာများကို သက်သောင့်သက်သာ၊ ပေါ့ပေါ့ပါးပါးဖြင့် ဆေးသွင်းပေးနိုင်ရန် စီမံပေးထားသေးသည်။

ကျန်းမာရေးစောင့်ရှောက်မှုပိုင်းတွင်သာမက ကဏ္ဍတိုင်းတွင် အစစအရာရာဖွံ့ဖြိုးတိုးတက်နေသည့် တရုတ်ပြည်ကိုကြည့်ခြင်းဖြင့် မိမိတို့တိုင်းပြည်ကိုလည်း အမှန်ပင်ဖွံ့ဖြိုးတိုးတက်စေချင်သည်။ ယင်းမှာ နိုင်ငံသားတိုင်း၏ ဆန္ဒဟုထင်ပါသည်။ နိုင်ငံရေးအပြောင်းအလဲဖြင့် စတင်ခဲ့သော မြန်မာနိုင်ငံအဖို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် မျက်နှာပန်းလှချိန်၊ ကမ္ဘာ့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံရန်အတွက် အထူးစိတ်ဝင်စားချိန်တွင် ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးတွင် ပါဝင်ကြသူများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် နှစ်ပေါင်းများစွာအေးခဲခဲ့သည့် ငြိမ်းချမ်းရေးကို နွေးထွေးစေချင်လှပါသည်။ ငြိမ်းချမ်းမှတိုးတက်မည်၊ တိုးတက်မှသာ ၂၁ ရာစုလူ့အဖွဲ့အစည်းနှင့် ရင်ဆိုင်နိုင်မည်ဖြစ်သည့်အတွက် အားလုံးကတာဝန်သိသိဖြင့် ဝိုင်းဝန်းလုပ်ဆောင်မှသာ အောင်မြင်မှုရရှိနိုင်မည်ဟု တွေးမြင်မိပါတော့သည်။ ။

## ✻ အာရှ ယူ-၁၉မှ

ပထမပိုင်းတွင် နှစ်သင်းစလုံးထိန်းကစားနေ၍ ထိရောက်သည့် ဂိုးသွင်းခွင့်များမရရှိခဲ့ပေ။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး၏ ကစားပုံမှာပြောင်းလဲခဲ့ပြီး ကစားအားမြင့်လာရာ ပွဲမှာအပြန်အလှန်ရှိလာသည်။ ၇၉ မိနစ်တွင် ဘော်ရီလိုက သြစတြေးလျအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၈၄ မိနစ်တွင် ပယ်နယ်တီမှတ်ဆင့် မူဘာရက်က ယူအေအီးအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့၍ တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

နေပြည်တော်ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပသော ပွဲစဉ်များတွင် အီရတ်အသင်းက အိုမန်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်၊ ကာတာအသင်းက မြောက်ကိုရီးယားအသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။

### ယနေ့ပွဲ

**(သုဝဏ္ဏကွင်း)**

| | | | |
|---|---|---|---|
| ညနေ (၃)နာရီခွဲ | အီရန် | - | ယီမင် |
| ညနေ (၆)နာရီခွဲ | မြန်မာ | - | ထိုင်း |

**(ဝဏ္ဏသိဒ္ဓိကွင်း)**

| | | | |
|---|---|---|---|
| ညနေ (၃)နာရီခွဲ | ဗီယက်နမ် | - | ဂျပန် |
| ညနေ (၆)နာရီခွဲ | တရုတ် | - | တောင်ကိုရီးယား |

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်



သြစတြေးလျနှင့် ယူအေအီးတို့ အကြိတ်အနယ်။

# ပဲခူးချောင်းအတွင်းမှ တရားမဝင်ကျွန်းသစ်လုံးနှင့် သစ်ခွဲသားများ သိမ်းဆည်းရမိ

**ပဲခူး အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းခေါင်းဆောင်သော သစ်တောဝန်ထမ်းများသည် အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ ပဲခူးမြို့နယ် ပဲခူးချောင်းအတွင်း တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးရေး ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ်လုံး/တိုင်/ခွဲသား ၃၂ ဒသမ ၀၁၃၇ တန်၊ ပျဉ်းကတိုးသစ်လုံး/ခွဲသား ၂၂ ဒသမ ၀၁၇၂ တန်၊ အခြားသစ်လုံး/ခွဲသား ၁၃ ဒသမ ၇၁၁၁ တန် စုစုပေါင်း ကျွန်း/သစ်မာ/အခြား ၆၇ ဒသမ ၇၄၂ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(ပဲခူးသား)**

# ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးနန္ဒကျော်စွာ ဟန်ဂေရီနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ဗန်ကောက်မြို့အခြေစိုက် ဟန်ဂေရီနိုင်ငံသံအမတ်ကြီး H.E.Mr.Denes Tomaj အား အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-1) ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် လွှတ်တော်များအကြား အပြန်အလှန်ပူးပေါင်းကူညီဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အီတလီသမ္မတနိုင်ငံ ရောမမြို့မှ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၀**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အောက်တိုဘာ ၈ ရက်တွင် အီတလီသမ္မတနိုင်ငံ ရောမမြို့ရှိ မြန်မာနိုင်ငံသံရုံး၌ သံရုံးမိသားစုများအား တွေ့ဆုံနှုတ်ဆက်ပြီး ဒေသစံတော်ချိန် ည ၁၀ နာရီ ၅ မိနစ်တွင် ရောမမြို့ FIUMICINO အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ သံအမတ်ကြီးဦးမြင့်နောင်နှင့် သံရုံးဝန်ထမ်းများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် အောက်တိုဘာ ၉ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၄၅ မိနစ်တွင် အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့သို့ရောက်ရှိကြပြီး DAMAC မြို့ပြစီမံကိန်းသို့ သွားရောက်၍ စီမံကိန်းလုပ်ငန်းများကို လေ့လာကြသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့သည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကမ္ဘာတစ်ပတ်ပျံသန်းမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁၀**

ဆွစ်ဇာလန်နိုင်ငံ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် ကမ္ဘာတစ်ပတ်ပျံသန်းမှုနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ခပေါင်းလမ်းရှိ ဆွစ်ဇာလန်နိုင်ငံ သံရုံး၌ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ် H.E.Christoph BURGENER က နိုင်ငံတော်သမ္မတကြီး စက်တင်ဘာလ ပထမပတ်က သွားရောက်ခဲ့သော ဥရောပခရီးစဉ်တွင် ဆွစ်ဇာလန်နိုင်ငံ၏ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ပျံကို လေ့လာခဲ့ကြောင်း၊ အဆိုပါလေယာဉ် ကမ္ဘာတစ်ပတ်ပျံသန်းချိန်တွင် မြန်မာနိုင်ငံ၌ ခရီးတစ်ထောက် ဆင်းသက်ရပ်နားမည်ဖြစ်ကြောင်းဖြင့် ပဏာမပြောကြားသည်။

ယင်းနောက် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကိုမောင်းနှင်မည့် ဆွစ်ဇာလန်လေယာဉ်မှူး Andre’ Borschberg က နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်တီထွင်မှုစိတ်ကူးဖြစ်ပေါ်လာပုံနှင့် ကမ္ဘာတစ်ပတ် စမ်းသပ်မောင်းနှင်စဉ်အတွင်း မြန်မာနိုင်ငံ၌ ခရီးတစ်ထောက် ရပ်နားချိန်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိဘဲ နေရောင်ခြည်စွမ်းအင်သုံးစွဲထားသည့် လေယာဉ်၊ နေရောင်ခြည်စွမ်းအင်သုံးနည်းပညာများနှင့် စပ်လျဉ်း၍ ပြည်သူများအကြား သိမြင်တွေ့ရှိနိုင်ရန် စီစဉ်ထားမှုနှင့် စပ်လျဉ်း၍ ပြောကြားသည်။

နေရောင်ခြည် စွမ်းအင်သုံး လေယာဉ်၏ ၂၀၁၅ ခုနှစ် မတ်လတွင် ကမ္ဘာ့တစ်ပတ်ပျံသန်းမှုခရီးစဉ်ကို ပင်လယ်ကွေ့ဒေသမှ စတင်ပျံသန်းမည်ဖြစ်သည်။ ယင်းနောက် အာရေဘီယံပင်လယ်၊ အိန္ဒိယ၊ မြန်မာ၊ ပစိဖိတ်သမုဒ္ဒရာဒေသ၊ အမေရိကန်၊ အတ္တလန္တိတ်သမုဒ္ဒရာနှင့် ဥရောပတောင်ပိုင်း (သို့မဟုတ်) မြောက်အာဖရိကဒေသတို့သို့ဖြတ်သန်းပြီး ခရီးစဉ် စထွက်ခွာသည့်နေရာ၌ပင် ခရီးစဉ်ပြီးဆုံးမည်ဖြစ်သည်။ အဆိုပါလေယာဉ် ခရီးစဉ်တွင် ရပ်နားမည့် အရပ်ဒေသများ၌ လေယာဉ်မှူးများ ပြောင်းလဲမောင်းနှင်ပြီး ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် အများပြည်သူများကို အတွေ့အကြုံနည်းပညာများ မျှဝေပေးသွားမည်ဖြစ်သည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် ကို လေယာဉ်မှူး Andre' Borschberg ဦးဆောင်မှုဖြင့် အင်ဂျင်နီယာနှင့် နည်းပညာရှင် ၈၀ တို့က တီထွင်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါလေယာဉ်တွင် တပ်ဆင်ထားသော စက္ကူထက် သုံးဆ ခန့်ပိုမိုပေါ့ပါးသော ကာဗွန်အမျှင်ပြားများနှင့် လူ့ဆံချည်မျှင်မျှရှိသော ဆိုလာဆဲလ်မျှင်များဖြင့် တီထွင်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

### ❖ ကျောဖုံးမှ

သီတင်းကျွတ်လပြည့်နေ့ တစ်ရက်လုံး ဘာသာရေးဆိုင်ရာ အခမ်းအနားများကိုကျင်းပ၍ တစ်မြို့လုံးတွင် ဝတ်ရွတ်သံများဝေစည်နေသည်။

ရွှေကျင်သီတင်းကျွတ် မီးမျှောပူဇော်ပွဲတော်မှာ ရွှေကျင်မြို့တွင် အစည်ကားဆုံးပွဲတော်ဖြစ်သကဲ့သို့ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်က ရွှေကျင်ချောင်းအတွင်း ရေပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် တက်ပျံယိမ်း ခြောက်ဖွဲ့၊ တက်ခုတ်ယိမ်း ခြောက်ဖွဲ့၊ တိုင်းရင်းသားရိုးရာယိမ်းနှင့် ယိမ်းအဖွဲ့ ရှစ်ဖွဲ့ပါဝင်သည့် ယှဉ်ပြိုင်သူများမှာလည်း လူရောစိတ်ပါ နှစ်၍ ပြိုင်ပွဲဝင်နေကြသကဲ့သို့ ကြိုးစားယှဉ်ပြိုင်သူများကိုလည်း ဆုကြေးငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးသောကြောင့် ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်မှာ လွတ်လပ်မှုများ၊ တက်ကြွမှုများဖြင့် တစ်နှစ်ထက်တစ်နှစ် ပို၍စည်ကားလာပါသည်။

“တစ်နှစ်တစ်ခါ လယ်ယာစိုက်အပြီး မိုးလေကင်းတဲ့ သီတင်းကျွတ်ရွှေကျင်မီးမျှောပူဇော်ပွဲတော်တိုင်း လာနေကျပါ။ ရွာအလိုက် ဆိုင်ကယ်၊ ထော်လာဂျီ၊ ဟိုင်းလပ်ယာဉ်တွေနဲ့ လမ်းခရီးအေးချမ်းတော့ နေ့၊ ညမရွေး သွားလာနေကြပါတယ်။ မီးမျှောတဲ့နေ့မွန်းလွဲပိုင်းက မိုးနည်းနည်းရွာပေမယ့် လူပါးမသွားဘဲ ယခင်နှစ်တွေထက်တောင် ဒီနှစ်က ပိုစည်ပါသေးတယ်”ဟု ဒေသခံ မီးမျှောပွဲလာရောက်သူတစ်ဦးက ပြောကြားခဲ့သည်။ **ရန်အောင်ထွန်း(ပိန်းဇလုပ်)**

### ✪ တာချီလိတ်မှ

ယနေ့နံနက် ၈ နာရီက တာချီလိတ်မြို့နယ် ဖတ်ဟီ(အထက်)ကျေးရွာသို့ရောက်ရှိရာ မြန်မာနိုင်ငံ မယ့်ဖားလုံစီမံကိန်းအုပ်ချုပ်ရေးမှူး ဒေါ်အားကာတာက အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မိုင်းဆတ်မြို့နယ် မိုင်းကမ်းကျေးရွာ စာသင်ကျောင်းလွှဲအပ်ပွဲသို့ ရောက်ရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆေးဝါးများ၊ စိုက်ပျိုးမွေးမြူရေးပစ္စည်းများနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

အဆိုပါကျေးရွာစာသင်ကျောင်းအား မယ့်ဖားလုံဖောင်ဒေးရှင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ အဆောင်ငါးဆောင်နှင့် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ ရုံးခန်းတစ်ခန်းတို့ပါဝင်ကြောင်း သိရသည်။

ယင်းနောက် အဖွဲ့ဝင်များသည် နားယောင်း-ယောင်ခကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာကာ ဆေးဝါးများ၊ အားကစားပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မိုင်းတွမ်းကျေးရွာသို့ရောက်ရှိရာ ကျေးရွာယာယီမဏ္ဍပ်တွင် အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှနှင့် တာဝန်ရှိသူများက နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအမံများနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် ၁၀ သိန်း ထောက်ပံ့သည်။

ထို့နောက် အဖွဲ့ဝင်များသည် မဟင်ကျေးရွာရှိ ဖာကန့်ချောင်း ကျောက်စီတမံသို့ ကြည့်ရှုလေ့လာသည်။ အဆိုပါဖာကန့်ကျောက်စီတမံသည် မဟင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား အကျိုးပြုလျက်ရှိပြီး ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် တစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အားများ ထုတ်ယူသုံးစွဲလျက်ရှိသည်။

ဆက်လက်၍ ကိုယ်စားလှယ်များသည် မိုင်းတွမ်းကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုလေ့လာသည်။ အဆိုပါ မိုင်းတွမ်းကျေးလက်ကျန်းမာရေးဌာနသည် မယ့်ဖားလုံဖောင်ဒေးရှင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာ နှစ်လုံးနှင့် ပင်မကျေးလက်ကျန်းမာရေးဌာနတို့ပါဝင်သည်။ အဆိုပါကျေးလက်ကျန်းမာရေးဌာနသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘီးတပ်ကုလားထိုင်နှစ်စုံအား လှူဒါန်းသည်။

ယင်းနောက် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လွယ်ပါရင်နှစ်ကျေးရွာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့သည် ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် ဒွယ်တုံးစီမံကိန်းရုံးတွင် အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်ထိ ကျင်းပခဲ့သည့် မြန်မာ-ထိုင်း အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း ပူးတွဲပဲ့ကိုင်ဆောင်ရွက်ရေးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးအပြီးတွင် လာရောက်လေ့လာခဲ့ကြခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၇ ရက်က ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေးအတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ထိုင်းနိုင်ငံ ဒွယ်တုံးဒေသတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို မြန်မာနိုင်ငံ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ မယ့်ဖားလုံဖောင်ဒေးရှင်းတို့က ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေကြခြင်းလည်းဖြစ်သည်။

၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ထိုင်းနိုင်ငံအစိုးရ၏ ထည့်ဝင်ငွေ ထိုင်းဘတ်သန်း ၃၅၀ ဖြင့် ဆောင်ရွက်မည့် ထိုအစားထိုးအသက်မွေးဝမ်းကျောင်းစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းဧရိယာများဖြစ်ကြသည့် တာချီလိတ်ခရိုင် လွယ်တော်ခမ်းအုပ်စုရှိ ကျေးရွာ ၁၂ ရွာ၊ မိုင်းဆတ်ခရိုင်အတွင်းရှိ မိုင်းတွမ်းဒေသကျေးရွာကိုးရွာနှင့် စတုံးအုပ်စုကျေးရွာ ခုနစ်ရွာ၊ ယောင်ခ-နားယောင်း “ဝ” ဒေသရှိကျေးရွာ ၂၈ ရွာတို့မှ ကျေးလက်ဒေသနေပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာကြမည်ဖြစ်သည်။**(သတင်းစဉ်)**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ရန် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် စည်ပင်သာယာနယ်နိမိတ်အတွင်း တစ်ပြိုင်တည်းကျင်းပမည်ဖြစ်၍ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရွေးချယ်ခံ ကိုယ်စားလှယ်လောင်းများအား ရန်ကုန်မြို့တော်ကော်မရှင်မှ စိစစ်ရွေးချယ်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်မြို့တော် ကော်မရှင်သို့ လွှဲပြောင်းမည့်လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ (၄) ၌ကျင်းပသည်။



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက အဖွင့်နိဒါန်းပြောကြားရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲကို မကျင်းပနိုင်ခဲ့သည်မှာ (၆၄) နှစ်ရှိပြီဖြစ်ကြောင်း၊ ယခု ၂၀၁၄ ခုနှစ်၌ အစိုးရသက်တမ်းတိုတောင်းသောကာလတွင် ကော်မတီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ ဒီမိုကရေစီ သက်တမ်းကာလအတွင်း မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပြည်သူများ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လွတ်လပ်ပွင့်လင်းစွာ ရွေးချယ်နိုင်သည့် အလေ့အကျင့်ကောင်းများရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ ကော်မတီအဆင့်ဆင့်ရွေးချယ် တင်မြှောက်ပွဲတွင် မြို့တော်ကော်မရှင်အဖွဲ့အနေဖြင့် ရွေးချယ်စိစစ်ပေးနိုင်ရန်အတွက် အငြိမ်းစားအရာရှိများ ပါဝင်သည့် ကော်မရှင်အဖွဲ့ဝင်ငါးဦးကို ဖွဲ့စည်းပြီး ယင်းတို့မှာ ဦးတင်အေး၊ ဦးအောင်ခိုင်၊ ဦးမြင့်သိန်းခိုင်၊ ဦးသင်းဌေးရွှေနှင့် ဦးမြတ်သက်တို့ပင်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးညီညီက ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မဲပေးနိုင်သောပြည်သူ ရှစ်သိန်းကျော်ရှိပြီး အိမ်ထောင်စုတစ်ခုလျှင် မဲဆန္ဒရှင်တစ်ဦး ကိုယ်စားပြုမဲပေးနိုင်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံရေးရာဌာန ဌာနမှူး ဦးတင်ကိုကိုနှင့် အခွန်ဌာန ဌာနမှူး ဦးကျော်မင်းတို့က ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ရန်ကုန်မြို့တော် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်းအား ရှင်းလင်းပြောကြားရာတွင် စည်ပင်သာယာနယ်နိမိတ်ရှိ မဲဆန္ဒရှင်ပြည်သူများ မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရာတွင် လျှို့ဝှက်မဲပေးသည့် စနစ်ကို ကျင့်သုံးပြီး ပါတီစုံဒီမိုကရေစီရွေးချယ်ပွဲစနစ်အတိုင်း ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတွင် လစ်လပ်လျက်ရှိသော ကော်မတီဝင်လေးဦးအတွက် ခရိုင်တစ်ခုလျှင် ကော်မတီဝင်တစ်ဦးကျဖြင့် ခရိုင်လေးခုအတွက် ကော်မတီဝင်လေးဦးကို မဲဆန္ဒရှင်များရွေးချယ်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခရိုင်စည်ပင်သာယာရေးကော်မတီအတွက် တစ်ခရိုင်လျှင် ကော်မတီဝင် သုံးဦးကျဖြင့် ခရိုင်လေးခုအတွက် ၁၂ ဦးကို ရွေးချယ်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအတွက် တစ်မြို့နယ်လျှင် သုံးဦးကျဖြင့် မြို့နယ် ၃၂ မြို့နယ်အတွက် ၉၆ ဦး ရွေးချယ်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကော်မတီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူ ရှစ်သိန်းကျော်က ကော်မတီအဆင့်ဆင့်ရွေးချယ်ခံကြရမည့် ကိုယ်စားလှယ်လောင်း ၁၁၂ ဦးကို ရွေးချယ်မှုနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာကြသည့် စာနယ်ဇင်းအသီးသီးမှ သတင်းထောက်များက သိလိုသည်များကိုမေးမြန်းကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ရန်ကုန်မြို့တော် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အရွေးချယ်ခံကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးခွင့်နှင့်ပတ်သက်သော လက်ကမ်းစာစောင်များ၊ ကြော်ငြာများနှင့်ခွင့်ပြုခြင်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်ကမ်းစာစောင်နှင့်ကြော်ငြာများကို ရိုက်နှိပ်ရာတွင် ပုံနှိပ်တိုက်၏ မှတ်ပုံတင်ခွင့်ပြုချက်နှင့်အညီ ရန်ကုန်မြို့တော်ကော်မရှင်သို့တင်ပြပြီး ခွင့်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။ **(စောသိန်းဝင်း)**

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၁၀**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့၌ ၁၃၇၆-၇၇ ခု ပညာသင်နှစ် သာသနတက္ကသီလဓမ္မာစရိယ (ပထမနှစ်) သင်တန်းသို့ တက်ရောက်လိုသော အစိုးရပထမကြီးတန်း စေတီယင်္ဂဏစာသင်တန်း၊ သက္ယသီဟစာသင်တန်း တစ်ခုခုအောင်မြင်ပြီးသော အသက် (၃၀)နှစ် သိက္ခာ(၁၀)ဝါအောက်ရှိ ရဟန်းသာမဏေများ လျှောက်ထားနိုင်သည်။

ဝင်ခွင့်လျှောက်ထားသော ရဟန်းသာမဏေများသည် ကျောင်းဝင်ခွင့်စာမေးပွဲဖြေဆိုကြရမည်ဖြစ်၍ အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်း၊ အဘိဓမ္မာဘာသာရပ်နှင့် သာသနာရေးဆိုင်ရာ အထွေထွေဗဟုသုတ မေးခွန်းလွှာတစ်ခု၊ ပါဠိဘာသာရပ်နှင့် တက္ကသိုလ်ဝင်တန်းအဆင့်ရှိသော အင်္ဂလိပ်စာမေးခွန်းလွှာတစ်ခုတို့ကို တစ်ရက်စီ စုစုပေါင်း ၂ ရက် ဖြေဆိုကြရမည်ဖြစ်သည်။

ဝင်ခွင့်လျှောက်ထားလွှာများကို ၁၃၇၆ ခု သီတင်းကျွတ်လပြည့်ကျော် ၉ ရက် (၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၇ ရက် သောကြာနေ့)မှစတင်၍ ထုတ်ပေးမည်ဖြစ်ပြီး ၁၃၇၆ ခု တန်ဆောင်မုန်း လဆန်း ၁၃ ရက် (၂၀၁၄ ခုနှစ် နိုဝင်ဘာ ၄ ရက် အင်္ဂါနေ့)နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာသာသနာ့တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးများတွင် တင်သွင်းနိုင်ပြီး အသေးစိတ်ကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းရုံး ဖုန်း-၀၁-၆၆၅၃၆၂၊ ၀၉-၄၃၁၂၅၈၂၃၊ ၀၉-၅၄၀၀၈၂၈၊ ၀၉-၂၅၀၀၃၇၈၉၉၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး ဖုန်း-၀၁-၆၆၄၃၉၅၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး ဖုန်း- ၀၂-၆၆၉၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

" Congratulations KMD Student "

KMD Computer Centre မှ

မောင်သုတနိုင် သည်

University of Greenwich (UK) ပထမနှစ်ကို June 2014 Exam တွင်

ကမ္ဘာ့အမှတ်အများဆုံးဆုရှင်အဖြစ် ဂုဏ်ထူးဆောင်နိုင်ခဲ့သည့်အတွက်

KMD မှ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း.....



KMD မှ (၆၃) ယောက်မြောက်ထူးချွန်ကျောင်းသား

Mr.Thu Ta Naing
Global High Achiever (June 2014 Exam)



KMD Education Services

No.331, Pyay Road, Sanchaung Tsp, Yangon, Myanmar.
Tel : 95 -1- 700895, 502233, 527436, 534170.

NCC education | UNIVERSITY of GREENWICH | ISO | JAS-ANZ ISO 9001:2008 Cert. No. 683180

## ပြည်တွင်းရေးရာ

# ကယားပြည်နယ်အတွက် လိုအပ်နေသော ဘွဲ့နှင်းသဘင်ခန်းမ ပန္နက်ချ၊ ဟိုတယ်အသစ်ဖွင့် လူ့စွမ်းအားအရင်းအမြစ်များတိုးတက်ပြီး ခရီးသွားများ ပိုမိုလာရောက်လည်ပတ်နိုင်မည်



သတင်း - စိုင်းညဏလင်းထွဋ်၊
ဓာတ်ပုံ - အောင်ထွန်းလေး

**လွိုင်ကော် အောက်တိုဘာ ၁၀**

ကယားပြည်နယ်၏မြို့တော် လွိုင်ကော်ဒေသမှာ ယခင်နှင့်မတူ နယ်မြေအေးချမ်းသာယာပြီး လူနေတိုးတက်လာကာ ခရီးသွားလာမှုမြင့်မားလာသည်။ ယခုအခါ ကယားပြည်နယ်အတွင်း ခရီးသွားနေရာများ၊ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ထွန်းနေသည်။ ထို့ကြောင့် ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဒေသခံလူ့စွမ်းအားအရင်းအမြစ်များကို အသိအမှတ်ပြုပေးရန်အတွက် လိုအပ်နေသော ဘွဲ့နှင်းသဘင်ခန်းမတစ်ခုကို ပန္နက်ချပေးနိုင်ခဲ့သည်။

အဆိုပါမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက လွိုင်ကော်တက္ကသိုလ် ပရ၀ဏ်အတွင်းရှိ အဆောက်အအုံသစ်တည်ဆောက်မည့် မြေနေရာ၌ပြုလုပ်ရာ ပြည်နယ်၀န်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်အစိုးရအဖွဲ့၀င် ၀န်ကြီးများက ပန္နက်တင်မည့်သတ်မှတ်ထားသောနေရာများတွင်နေရာယူ၍ ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။ ယခုအခါ လွိုင်ကော်တက္ကသိုလ်တွင် အဆင့်မြင့်ပညာသင်ကြားနေသော နေ့ကျောင်းသား ကျောင်းသူ ၁၇၃၈ ဦးရှိပြီး အဝေးသင်ကျောင်းသား ကျောင်းသူ ၂၁၈၈ ဦး ပညာဆည်းပူးလျက်ရှိရာ သင်ယူမှုပြီးဆုံးချိန်တွင် ဘာသာရပ်အလိုက် ဘွဲ့အသီးသီးပေးအပ်နိုင်တော့မည်ဖြစ်သည်။

တစ်ဆက်တည်းတွင် ကယားပြည်နယ်သို့ လာရောက်ကြမည့် ခရီးသည်များ ခေတ္တနားခိုနိုင်ရန်အတွက် လွိုင်ကော်မြို့တွင် ဟိုတယ်အသစ်တစ်လုံးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။**(ဓာတ်ပုံ)** ကယားပြည်နယ်အတွင်း ဟိုတယ်လုပ်ငန်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်မှုနှင့်စပ်လျဉ်း၍ ကယားပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဟန်က "၂၀၁၅ ခုနှစ် ဧပြီလမှာ ကယားပြည်နယ်အတွင်းရှိ သံလွင်မြစ်ကူးတံတား(ဖားဆောင်း)ကို ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ မယ်စဲ့မြို့မှာ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံခြားသားတွေ ဝင်ရောက်လာမှာဖြစ်ပါတယ်။ ပြည်နယ်အတွင်း သာယာလှပတဲ့ တောတောင်ရှုခင်းအလှအပတွေ၊ သဘာ၀လိုဏ်ဂူကြီးတွေ၊ ထင်ရှားတဲ့ သဘာ၀ရေကန်ကြီးတွေ၊ ဆည်တွေ၊ ကန်တွေတည်ရှိနေတာကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေ ဝင်ရောက်လာမှုများပြားလာမှာပါ။ ဒီအခါ သူတို့တည်းခိုနေထိုင်နိုင်ဖို့ အဆောက်အအုံတွေ ပိုမိုလိုအပ်လာမှာဖြစ်တဲ့အတွက်ကြောင့် ယခုလို ကယားပြည်နယ်မှာ ဟိုတယ်တွေတိုးတက်ဖွင့်လှစ်လာတာပါ"ဟု ရှင်းပြသည်။

ကယားပြည်နယ်တွင် ယခင်က နိုင်ငံခြားသားများ တည်းခိုနိုင်သည့် ဟိုတယ်ခုနစ်လုံးရှိပြီး အခန်းပေါင်း ၁၃၄ ခန်းသာရှိသည်။ ယခု အခန်း ၄၀ ပါ မြတ်နန်းတော်ဟိုတယ်ကို ဖွင့်လှစ်လိုက်ခြင်းကြောင့် ဟိုတယ်ရှစ်လုံးနှင့် အခန်းပေါင်း ၁၇၄ ခန်းရှိနေပြီဖြစ်သည်။ ထို့အပြင် ပြည်နယ်အတွင်း ဟိုတယ်များဆက်လက်ဆောက်လုပ်လျက်ရှိရာ နောင်တွင် ဟိုတယ်များ ဆက်လက်တိုးပွားလာမည်ဖြစ်သည်။ ကယားပြည်နယ်သည် သဘာ၀အလှအပများပေါများပြီး သဘာ၀ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဒေသဖြစ်သည့်အတွက် နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်စားသောပြည်နယ်တစ်ခုဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မျိုးတင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးသန်းကျော်စိုးနှင့် ဟိုတယ်လုပ်ငန်းရှင် ဦးမျိုးသန့်ကြည်တို့က ဟိုတယ်အသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဟိုတယ်အတွင်း ပြင်ဆင်ဆောင်ရွက်ထားမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

# ရွှေတိဂုံစေတီတော်သို့ သီတင်းကျွတ်ပွဲတော်သုံးရက်အတွင်း နိုင်ငံခြားသား ၃၀၈၆ ဦး ဖူးမြော်ကြည်ညို

**ရန်ကုန် အောက်တိုဘာ ၁၀**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၁၃၇၆ ခုနှစ် သီတင်းကျွတ်မီးထွန်းပွဲတော်၊ ရောင်စုံဆီမီးစေတီလှည့်လည်ပူဇော်ပွဲနှင့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများ ကျင်းပသည့် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်(အောက်တိုဘာ ၇ ရက်မှ ၉ ရက်)သုံးရက်အတွင်း ပြည်တွင်းပြည်ပဘုရားဖူးများဖြင့် အထူးစည်ကားများပြားခဲ့သည်။

လုံခြုံရေးအစီအမံနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်မှုတို့ကြောင့် သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၇ ရက်)တွင် ထိုင်း ၂၈၉ ဦး၊ အမေရိကန် ၁၇၇ ဦး၊ ဂျပန် ၆၄ ဦးအပါအဝင် နိုင်ငံခြားသားစုစုပေါင်း ၁၁၈၃ ဦး၊ သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၈ ရက်)တွင် ထိုင်း ၁၉၃ ဦး၊ တရုတ် ၁၇၂ ဦး၊ ကိုရီးယား ၁၁၁ ဦးအပါအဝင် နိုင်ငံခြားသားစုစုပေါင်း ၉၉၃ ဦးနှင့်သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၉ ရက်)တွင် နိုင်ငံခြားသား ထိုင်း ၁၃၅ ဦး၊ တရုတ် ၇၅ ဦး၊ ဂျပန် ၈၆ ဦးအပါအဝင် နိုင်ငံခြားသား ၃၀၈၆ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

ဧည့်ဝင်ကြေးအဖြစ် နိုင်ငံခြားသားတစ်ဦးလျှင် ကျပ် ၈၀၀၀ နှုန်းစီဖြင့် အောက်တိုဘာ ၇ ရက်တွင် ကျပ် ၉၄၆၄၀၀၀၊ အောက်တိုဘာ ၈ ရက်တွင် ကျပ် ၇၉၄၄၀၀၀ နှင့် အောက်တိုဘာ ၉ ရက်တွင် ကျပ် ၇၂၈၀၀၀၀ ရရှိခဲ့ကြောင်း သိရသည်။ **(ကိုချစ်)**












ပြည်တွင်းရေးရာ

# ပုသိမ်မြို့တွင် ဖျာပုံနန်းတွင်း ရာမယကဇာတ်တော်ကြီး ကပြဖျော်ဖြေ

**ဖျာပုံ အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သော တိုင်းဒေသကြီးအဆင့် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဖျာပုံနန်းတွင်း ရာမယကဇာတ်တော်ကြီး ကပြဖျော်ဖြေနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျာပုံနန်းတွင်း ရာမယကဇာတ်တော်ကြီးသည် မြန်မာသက္ကရာဇ် (၁၂၄၀)ပြည့်နှစ်တွင် ဖျာပုံမြို့ တောင်ပိုင်းရပ် ရွာလည်ကျောင်းဆရာတော် ဦးအာလောကကို အကြောင်းပြု၍ ဆရာမွန်းကြီး ဦးဆောင်သည့် ရာမဇာတ်အဖွဲ့ ဖျာပုံမြို့သို့ စတင်ရောက်ရှိလာခဲ့ပြီး အလှူမင်္ဂလာပွဲများတွင် ကပြခဲ့ကြရာမှ ဖျာပုံမြို့ မန်းကျည်းတန်းရပ်ရှိ အရပ်သူ အရပ်သားများနှင့်ပူးပေါင်းပြီး ရာမဇာတ်ကိုစတင်ကပြခဲ့ကြရာ ဖျာပုံမြို့ မန်းကျည်းတန်းရပ်နန်းတွင်းမြန်မာရာမအဖြစ် ထင်ပေါ်ခဲ့ပြီး စဉ်ဆက်မပြတ်နန်းတွင်းမူအတိုင်း ဆက်ခံကပြလာခဲ့ကြသည်မှာ ယခုနှစ်ဆိုလျှင် (၁၃၆)နှစ်ရှိပြီဖြစ်သည်။

ယနေ့တိုင်လည်း နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှ ၉ ရက်အထိ ကိုးညတိုင်တိုင်ဖျာပုံမြို့ မန်းကျည်းတန်းရပ် ဧကန်ကျော်ကြားရွှေနတ်ကူဘုရားပွဲတော်တွင် အစဉ်အလာမပျက် ကပြနေဆဲဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ပွဲကြည့်သူများ ဈေးရောင်းသူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာပြည်အရပ်ရပ်တွင် ယခင်က ရာမဇာတ်အဖွဲ့များစွာ ကပြခဲ့ဖူးကြသော်လည်း ယခုအခါ ဖျာပုံ ရာမဇာတ်



တစ်ခုတည်းသာ နှစ်စဉ်အဆက်မပြတ် ကပြလျက်ရှိသည်မှာ ဖျာပုံရာမဇာတ်၏ ထူးခြားချက်တစ်ခုဖြစ်ပေသည်။ ထို့အပြင် ဖျာပုံရာမဇာတ်ကို သရုပ်ဖော်ကပြသူများ ခေါင်းစွပ်၊ မျက်နှာဖုံးအဖြစ် အသုံးပြုသည့် အနုပညာလက်ရာမြောက် ပုံတော်ခေါင်းများသည် ယခင်နန်းတွင်း ရာမဇာတ် အသုံးပြုခဲ့သည့် မူလပုံတော်ခေါင်းများဖြစ်သဖြင့် အနုပညာလက်ရာမြောက်လှသော ရှေးဟောင်းသမိုင်းဝင် အနုပညာပစ္စည်းများလည်းဖြစ်သည်။

ရာမဇာတ်တော်ထဲတွင် အဓိကဇာတ်ဆောင်များအဖြစ် ဘိုးတော်၊ ရာမ၊ လက္ခဏ၊ သီတာ၊ ပသျှူးရာမ၊ ဟနုမာန်၊ သုဂြိတ်၊ ဗာလီ၊ ဒသဂီရိ၊ ကုနစိတ၊ ဘီဗိဇန၊ ဂမီတို့ပါဝင်ကြပြီး ဇာတ်ဆောင်တစ်ဦးချင်း၏ စံပြစရိုက်လက္ခဏာများဖြစ်သော ရိုးသားဖြောင့်မတ်သည့် ရာမ၊ အစ်ကိုနှင့် မရီးအပေါ် သစ္စာရှိပြီး တည်ကြည်သည့် လက္ခဏ၊ လင်သားအပေါ် သစ္စာမြဲသည့် သီတာဒေဝီ၊ မြေးများအပေါ် အချစ်ပိုသည့်ဘိုးတော်၊ ကျေးဇူးသိတတ်သည့် သုဂြိတ်၊ အင်အားဖြင့်အနိုင်အထက်ပြုသည့် အဓမ္မဝါဒီ ဒသဂီရိ၊ ဉာဏ်ပညာအမြော်အမြင်ကြီးသည့် ဘီဗိဇန စသည်ဖြင့် အတုယူစရာများရှိသကဲ့သို့ ဇာတ်လမ်းတစ်ခုလုံးတွင်လည်း အဘိုးနှင့်မြေး၊ အစ်ကိုနှင့်ညီ၊ လင်နှင့်မယား၊ မရီးနှင့်မတ်၊ မောင်နှင့်နှမ၊ သားနှင့်အမိ၊ လူနှင့်တိရစ္ဆာန်တို့အကြား ဆက်ဆံရေး၊ လူ့သဘာဝဖြစ်လေ့ဖြစ်ထရှိသည့် ပြဿနာများကို ဘက်စုံထောင့်စုံမှ သင်ခန်းစာယူနိုင်မည်ဖြစ်ပေသည်။

ထိုသို့ ထူးခြားပြီးအစဉ်အလာကြီးမားသည့် ဖျာပုံနန်းတွင်း ရာမယကဇာတ်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အထူးဖိတ်ကြားချက်အရ ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကျင်းပမည့် တိုင်းဒေသကြီးအဆင့် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဧည့်ခံကပြ ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပေသည်။ **(သူဇာနွယ်-ဖျာပုံ)**

# လိုင်စင်မဲ့ကားများ တားဆီးပေးပါ

**လားရှိုး အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်နှင့် မဘိမ်းမြို့နယ်များသည် လွန်ခဲ့သော နှစ်ပေါင်းများစွာမှ မကြာသေးသော ကာလများတိုင် ဝန်းကျင်ရှိ တောရိပ်၊ တောင်ရိပ်များဖြင့် အေးချမ်းသာယာသော မြို့နယ်များဖြစ်ကြသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ သစ်ခုတ်၊ ဝါးခုတ်၊ ဥယျာဉ်ခြံမြေနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်သည်။ သို့သော် လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ တမလန်းနှင့် ပိတောက်သစ်များ တရားမဝင်ရောင်းဝယ်မှုများကြောင့် ကျေးလက်တောရွာများသာမက မြို့များပေါ်တွင် ရောင်းသူ၊ ဝယ်သူ သစ်ခိုးကားများဖြင့် စည်ကားလာခဲ့သည်။ သစ်ဝယ်ယူသူများမှာ တစ်ဖက်နိုင်ငံမှဖြစ်သော်လည်း တရားမဝင်သစ်များကို ခုတ်လှဲ၊ ရောင်းချ၊ သယ်ပို့ပေးနေသူများမှာ ဒေသခံအချို့သာဖြစ်သည်။ တမလန်း၊ ပိတောက်သစ်များ ကားတစ်စီးစာရောင်းချရလျှင် တစ်ဖက်နိုင်ငံမှလာသော ဘီးအမြင့် သရီးကရောင်း သစ်တိုက်ယာဉ်တစ်စီး ဝယ်ယူရရှိနိုင်သည်။ ငွေကြေးမတတ်နိုင်သူများက ပိတောက်၊ တမလန်းသစ်များကို တစ်ပိုင်တစ်နိုင်ခုတ်ကာ ဆိုင်ကယ်၊ လှည်းတို့ဖြင့် သယ်ယူရောင်းချပြီး တတ်နိုင်သူများက ဈေးချိုသော လိုင်စင်မဲ့ကားများဖြင့် ဝယ်ယူကာ တစ်ဆင့်ပြန်လည်စုဆောင်းရောင်းချကြသည်။

ယခင်က တစ်ရွာလုံးတွင် လှည်းအစီး ၂၀ မျှသာရှိသော ရွာလေးများသည် ယခုအခါ သရီးကရောင်း/သစ်ခိုးကား/လိုင်စင်မဲ့ကားများ ၁၀ စီး၊ ၁၅ စီး မျှပင်ရှိပါသည်။ အချို့အိမ်များတွင် သစ်ခိုးကား သုံးစီးမျှရှိ၍ အိမ်ခြံဝင်းမဆံ့သဖြင့် လမ်းဘေးသို့ပင်ရပ်ထားရပါသည်။ မည်သည့်လိုင်စင်မျှလည်းမရှိပါ။ သစ်ခိုးထုတ်ရောင်းချသူများမှာ စီးပွားရေးအဆင်ပြေပြီး နေ့ချင်း၊ ညချင်းတိုက်နှင့် ကားနှင့်ဖြစ်နေခြင်းကြောင့် ကျန်ဒေသခံများကိုပါ ကူးစက်၍ စာရိတ္တပျက်ပြားလာစေနိုင်သည်။ သစ်ခိုးရာသီဖြစ်သည့် နိုဝင်ဘာလမှ မေလအထိကာလများတွင် လယ်ယာလုပ်ငန်းခွင်၌ လုပ်သားရှားပါး၍ ငှားရမ်းခဈေးကြီးခြင်း၊ ကုန်ဈေးနှုန်းကြီးခြင်းတို့ဖြင့် ကြုံတွေ့ရသည်။ ယခုအချိန်အခါသည် အဆိုပါ သစ်ခိုးမည့်ကားများ လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်နေသောအချိန် ဖြစ်သည်။ ဒေသခံပြည်သူအများ အကျင့်စာရိတ္တမပျက်စီးရေး၊ လယ်ယာလုပ်သားရှားပါးမှုမဖြစ်စေရေး၊ မိမိတို့ကျေးရွာဝန်းကျင် တောတောင်များ မပျက်စီးရေး၊ လယ်ယာများ ခန်းခြောက်ခြင်း မရှိစေရေးအတွက် အဆိုပါ လိုင်စင်မဲ့ကားများကို သက်ဆိုင်ရာဌာနများအနေဖြင့် တားဆီးအရေးယူမှုများ ပြုလုပ်ပေးရန် ဒေသခံပြည်သူများမှ လိုလားလျက်ရှိကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**


CB BANK

# ပြည်တွင်းငွေလွှဲခနှုန်း – (၅) ပြား

CB Bank ၏ ပြည်တွင်းငွေလွှဲခနှုန်းထားများကို ၂၀၁၄ ခုနှစ် အောက်တိုဘာ( ၇ )ရက်နေ့မှစ၍ ငွေကျပ် (၁၀၀) လျှင် (၅) ပြားနှုန်းသို့ ပြောင်းလဲသတ်မှတ်ပါကြောင်း ဘဏ်နှင့်ဆက်သွယ်သူ Customer များအား လေးစားစွာအသိပေးအပ်ပါသည်။

# ယူရို ၂၀၁၆ ဝင်ခွင့်ပြိုင်ပွဲ၌ ဆန်မာရီနိုအား အင်္ဂလန် ငါးဂိုးပြတ်နိုင်



ယူရို ၂၀၁၆ ဝင်ခွင့်အုပ်စုပွဲစဉ်များအနက် အုပ်စု(E) မှ အင်္ဂလန်အသင်းနှင့် ဆန်မာရီနိုအသင်းတို့၏ ပွဲစဉ်တွင် အိမ်ကွင်း ဝင်ဘလေ၌ ယှဉ်ပြိုင်ကစားခဲ့ရသည့် အင်္ဂလန်အသင်းသည် ဧည့်သည်အသင်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်သည် ဝဲလ်ဘက်၊ ရွန်းနီ၊ စတာလင်၊ ဝီရှိုင်းယား၊ ဟန်ဒါဆန်၊ မီလ်နာ၊ ဂစ်ဘ်၊ ဂျာဂျယ်ကာ၊ ကာဟေးလ်၊ ချမ်ဘာ စသည့်ကစားသမားများကို အသုံးပြုခဲ့ပြီး ပွဲထွက်လာခဲ့ရာ ပထမပိုင်းပွဲကစားချိန် ၂၄ မိနစ်မှာပင် အင်္ဂလန်နောက်ခံလူ ဂျာဂျယ်ကာက အင်္ဂလန်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၄၃ မိနစ်တွင် ရရှိလာသည့် ပင်နယ်တီကို အင်္ဂလန်အသင်းခေါင်းဆောင် ရွန်းနီက ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ခြင်းကြောင့် ပထမပိုင်းမှာပင် ဧည့်သည်ဆန်မာရီနိုအသင်းကို နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ဆန်မာရီနိုအသင်းသည် ချေပဂိုးရရှိရေးအကြိတ်အနယ်ကစားခဲ့သော်လည်း ဒုတိယပိုင်း ၄၉ မိနစ်တွင် တိုက်စစ်မှူးဝဲလ်ဘက်၏ သွင်းဂိုးကို ထပ်မံခွင့်ပြုပေးလိုက်ရပြီး အင်္ဂလန်အသင်းသုံးဂိုးပြတ်အနိုင်ရထားသည်။ ထို့နောက် ပွဲကစားချိန် ၇၂ မိနစ်တွင် ဝဲလ်ဘက်နေရာတွင် လူစားဝင်လာသည့် တောင်ဆန်က အင်္ဂလန်အတွက် စတုတ္ထမြောက်သွင်းဂိုး ထပ်မံသွင်းယူပေးနိုင်ခဲ့သည်။ ဆန်မာရီနိုအသင်းသည် လေးဂိုးပြတ်ရှုံးနိမ့်ထားစဉ် နောက်ထပ်ဂိုး မပေးရရေးနှင့် ချေပဂိုးရရှိရေး ကြိုးစားရင်း ၇၇ မိနစ်တွင် ဒယ်လ်လာ၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းခဲ့သကဲ့သို့ ဖြစ်ခဲ့သောကြောင့် ပွဲချိန်ပြည့်ခဲ့ရာ အင်္ဂလန်အသင်းက ဆန်မာရီနိုအသင်းကို ငါးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အုပ်စု(E)တွင် ရမှတ်ခြောက်မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

**(ငွေကြယ်)**

**အခြားသော ယူရို ၂၀၁၆ ဝင်ခွင့် အုပ်စုအဆင့် ပွဲစဉ်များရလဒ်**

| | | |
|---|---|---|
| လစ်သူရေးနီးယား | ၁-၀ | အက်စ်တိုးနီးယား |
| ဆလိုဗေးနီးယား | ၁-၀ | ဆွစ်ဇာလန် |
| လီချန်စတိန်း | ၀-၀ | မွန်ဂိုလီးယား |
| မော်လ်ဒိုဗာ | ၁-၂ | ဩစတြီးယား |
| ဆွီဒင် | ၁-၁ | ရုရှား |
| ဘယ်လ်လာရုစ် | ၀-၂ | ယူကရိန်း |
| မက်ဆီဒိုးနီးယား | ၃-၂ | လူဇင်ဘတ် |
| ဆလိုဗက်ကီးယား | ၂-၁ | စပိန် |

# ဘာစီလိုနာနောက်ခံလူ အဲလ်ဗက်အားခေါ်ယူရန် ချယ်လ်ဆီးစောင့်ကြည့်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏ ခံစစ်ကို အားဖြည့်ရန်အတွက် ဘာစီလိုနာအသင်း၏ ဘရာဇီးနောက်ခံကစားသမား ဒန်နီအဲလ်ဗက်အား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ချယ်လ်ဆီးအသင်းမှာ လာမည့်ဇန်နဝါရီကာလအတွင်း ကမ္ဘာ့အဆင့်ကစားသမားတစ်ဦးကို ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အဲလ်ဗက်အား ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ ထို့ပြင် ၎င်းအား ဥရောပထိပ်သီးအသင်းကြီးများဖြစ်ကြသည့် မန်ယူ၊ လီဗာပူးစသည့် အသင်းများကလည်း ပစ်မှတ်ထားလျက်ရှိပြီး ကစားသမားကိုယ်တိုင်မှာလည်း ဘာစီလိုနာအသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေကြောင်း သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။ သို့သော် ဘာစီလိုနာအသင်းမှာ အဲလ်ဗက်အား ပြောင်းရွှေ့ကြေးအနည်းငယ်ဖြင့် လက်လွှတ်သွားရန် ဆန္ဒမရှိဘဲ အနည်းဆုံးပေါင်သန်း ၂၀ ခန့်ရရှိမှသာ ရောင်းထုတ်ရန် အလိုရှိနေခြင်းဖြစ်သည်။ ထို့ပြင် အဲလ်ဗက်မှာလည်း ဘာစီလိုနာနည်းပြဖြစ်သူ လူးဝစ်အင်းနရစ်၏ ကစားဟန်တွင် အဆင်ပြေခြင်းမရှိသောကြောင့် မပျော်မရွှင်ဖြစ်နေပြီး အသင်းနှင့်စာချုပ်သက်တမ်းတိုးမြှင့်ရန် စဉ်းစားလျက်ရှိကြောင်း စပိန်သတင်းစာ Marca က ဖော်ပြခဲ့သည်။ ချယ်လ်ဆီးအသင်းမှာ အဲလ်ဗက်အား ကာလရှည်ပစ်မှတ်ထားနေခြင်းဖြစ်ပြီး ဘာစီလိုနာအသင်းသို့ မရောက်ရှိမီကာလကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးကြောင်း သိရသည်။ အဲလ်ဗက်မှာ ဘာစီလိုနာအသင်းသို့ ၂၀၀၈ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ၁၉၃ ပွဲကစားကာ ၁၄ ဂိုးသွင်းယူပေးထားခဲ့ပြီး ဆုဖလား အောင်မြင်မှုများစွာရရှိခဲ့ဖူးသူဖြစ်သည်။



**(ကိုရဲ)**



# ယူရို ၂၀၁၆ ခြေစစ်ပွဲ အုပ်စုပွဲစဉ် – ၃

အုပ်စုပွဲစဉ်-၂ မှာ အနိုင်ရခဲ့သည့် အုပ်စု C မှ ယူကရိန်း၊ အုပ်စု E မှ အင်္ဂလန်နှင့် သရေပွဲဖြစ်ခဲ့သည့် ရုရှားတို့ အောက်တိုဘာ ၁၂ ရက် ညတွင် အုပ်စုပွဲစဉ် ၃ အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ရလဒ်ကောင်း ဆက်တိုက်ရယူနိုင်မည်လား စိတ်ဝင်စားစရာဖြစ်နေပါသည်။

**ယူကရိန်း-မက်ဆီဒိုးနီးယား ည ၁၀း၃၀(၁၂-၁၀-၂၀၁၄)**

၂၀၀၃ ခုနှစ် ယူကရိန်းမြေပေါ်မှာ တွေ့ဆုံစဉ်က ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ အုပ်စုအဖွင့်အိမ်ကွင်းပွဲမှာ ယူကရိန်းတို့ အရှုံးနှင့်ကြုံခဲ့၍ ယခုပွဲမှာ နိုင်ပွဲပြန်ရှာနိုင်အောင် ဂရုစိုက်ကစားမည်ဖြစ်သည်။ အဝေးကွင်းပွဲခြေစွမ်းညံ့သည့် မက်ဆီဒိုးနီးယားတို့ အိမ်ရှင်ကို ပွဲချိန်ပြည့်ယှဉ်ကစားနိုင်ရန် မလွယ်ကူနိုင်ပါ။ အိမ်ရှင်အောင်ပွဲခံမည့်ပွဲဖြစ်ပါလိမ့်မည်။

**အက်စတိုးနီးယား-အင်္ဂလန် ည ၁၀း၃၀(၁၂-၁၀-၂၀၁၄)**

အင်္ဂလန်အသင်း အဝေးကွင်းပွဲကစားရမည်ဖြစ်သော်လည်း ရွန်းနီ၊ ဝဲလ်ဘက်၊ ဝီရှိုင်းယားတို့အုပ်စုတိုက်စစ်ပိုင်းခြေစွမ်းပြကစားနေ၍ နိုင်ပွဲဆက်ဦးမည်မှာ သေချာနေသည်။ အင်္ဂလန်အသင်းနှစ်ဂိုးနှင့် အထက်ဂိုးသွင်းအနိုင်ယူပြနိုင်မလားဆိုသည်ကိုတော့ စောင့်ကြည့်ရင်ခုန်ရမည်ဖြစ်သည်။

**ရုရှား-မော်လ်ဒိုဗာ ည ၁၀း၃၀ (၁၂-၁၀-၂၀၁၄)**

ဆွီဒင်မြေမှာ သရေတစ်မှတ်သာရခဲ့၍ ယခု အိမ်ကွင်းပွဲမှာ ရုရှားအသင်း ရမှတ်အပြည့်ရအောင် ပြန်ယူနိုင်ပါလိမ့်မည်။ ဧည့်သည် မော်လ်ဒိုဗာသည် အဝေးကွင်းလည်းဖြစ်၊ လက်ရှိခြေစွမ်းမှာလည်း အိမ်ရှင်ကို ယှဉ်နိုင်လောက်သည့် အနေအထားမဟုတ်၍ နည်းပြကာပယ်လိုဦးဆောင်မှုပေးနေသည့် ရုရှားအိမ်ကွင်း ဂိုးပြတ်အနိုင်ရဦးမည့်ပွဲဖြစ်နေသည်။

**(ဝင်းထွဋ်ဦး)**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**
**သစ်တောမြေများတွင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများအတွက် စိတ်ဝင်စားကြောင်းအဆိုပြုလွှာ (Expression of Interest -EoI) ခေါ်ယူခြင်း**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော တိုင်းဒေသကြီး/ပြည်နယ်(၈)ခုရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောမြေ(၂၅၉၆၈၀)ဧကကို ဧရိယာ (၁၀၀၀)ဧကနှင့်အထက် လုပ်ကွက်များသတ်မှတ်၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုဂ္ဂလိကသစ်တော စိုက်ခင်းတည်ထောင်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ၊ လုပ်ကိုင်လိုသည့် ပြည်တွင်း/ပြည်ပ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ကုမ္ပဏီများအား စိတ်ဝင်စားကြောင်း အဆိုပြုလွှာတင်သွင်းနိုင်ရေး ဖိတ်ခေါ် အပ်ပါသည်။

၂။ စိတ်ဝင်စားကြောင်းအဆိုပြုလွှာများအား ၂၃-၁၀-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊ နေပြည်တော်သို့ အရောက်တင်သွင်းရမည်ဖြစ်ပြီး ၂၄-၁၀-၂၀၁၄ရက် ၉း၃၀နာရီ၌ ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊ နေပြည်တော်တွင် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့်ပတ်သက်၍ တင်ဒါအဆိုပြုလွှာတင်သွင်းခြင်း ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပွဲကျင်းပမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားကြောင်း အဆိုပြုလွှာပုံစံကို အင်တာနက်ဝက်(ဘ်)ဆိုက် www.fdmoecaf.gov. mm/newdesign တွင် download ပြုလုပ်၍လည်းကောင်း၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးများတွင်လည်းကောင်း ရယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ညွှန်ကြားရေးမှူးချုပ်ရုံး၊ တယ်လီဖုန်းအမှတ်- ၀၆၇-၄၀၅၁၁၁၊ ၄၀၅၁၁၉၊ ၄၀၅၃၉၉၊ ၄၀၅၀၁၉နှင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **သစ်တောဦးစီးဌာန**

**မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးဦးစီး ၂၂ရေယာဉ်အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။ ဝယ်ယူလိုသူ နိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ငါးဦးစီး ၂၂ရေယာဉ်အတွက် တင်ဒါလျှောက်လွှာတစ်စောင် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြစ်ပြီး ရေယာဉ်အချက်အလက်များအား တင်ဒါလျှောက်လွှာစည်းကမ်းချက်ပုံစံတွင် ပူးတွဲ ဖော်ပြအပ်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံများရောင်းချမည့်-

| | | |
|---|---|---|
| (က) နေ့ရက် | - | ၁၀-၁၀-၂၀၁၄ ရက်မှ ၁၄-၁၀-၂၀၁၄ရက်အထိ |
| (ခ) အချိန် | - | နေ့စဉ်ရုံးဖွင့်ချိန်များတွင် နံနက် ၉း၃၀နာရီမှ ၁၅း၃၀နာရီထိ |
| (ဂ) နေရာ | - | (၁) ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။ |

| | | |
|---|---|---|
| ၄။ ရေယာဉ်များ၏ မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်နေရာ | - | ငါးလုပ်ငန်းဦးစီးဌာနပိုင် ဂျော်ဝိုင်းလွန်းကျင်း (အလုံတစ်ဖက်ကမ်း) ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ | - | ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။ |
| ၆။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်/အချိန် | - | ၁၆-၁၀-၂၀၁၄ရက် နံနက် ၉း၃၀နာရီ |
| ၇။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၁၆-၁၀-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီ |
| ၈။ အသေးစိတ်အချက်ကိုသိရှိလိုပါက | - | နေပြည်တော်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဖုန်းနံပါတ်-၀၆၇-၄၁၈၅၃၁၊ ၀၆၇-၄၀၈၄၇၄ |

**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**


ရွှေထိပ်တန်း
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သော/ကြာ)
စီးလုံးငှား လက်ခံသည်
01-701015, 01-710436

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

The VOICE Weekly
Vol.10, No.39
ထွက်ပြီ
The Voice Weekly ပရိသတ်များအတွက် အထူးမေတ္တာလက်ဆောင်
ယနေ့ထုတ် The Voice Saturday သတင်းစာအခမဲ့ရယူပါ။
◆ ခေတ်အဆက်ဆက် အနိမ့်ခံ၊ အထိုးကျွေးခံ ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားဖမ့ာတို့ ဦးမော့ချိန်တန်ပြီလား မျက်နှာဖုံးအထူးဆောင်းပါး၊
◆ မြန်မာပြည်ထောင်စုကြီး ပေါင်းစည်းဖို့အတွက် ပုံစံကောင်းရှိတယ်လို့ ဆိုလာတဲ့ ဂျာမနီသံအမတ်ကြီးနှင့် အမေး အဖြေ၊
◆ ရင်တုန်ထိတ်လန့်ဖွယ် ရက်စက်မှုတို့၏မြစ်များ စိတ်ပိုင်းဆိုင်ရာသုံးသပ်ချက်ဆောင်းပါး၊
◆ နေပြည်မှာ ရှေ့ရှည်လောင်းသူအတွက် ပန်းကလေးတို့၏ နှုတ်ဆက်မျက်ရည် လူမှုဘဝသုံးသပ်ချက်၊
◆ ငြိမ်းချမ်းရေးအကြောင်း နည်းနည်းပြောပါရစေလို့ ခွင့်ပန်လာတဲ့ လေသူရဲတစ်ဦး၊
◆ ဒီမိုကရေစီ၊ ရွေးကောက်ပွဲစနစ်နဲ့ မြန်မာ့အပြောင်းအလဲကြားက ဝိုးတဝါးနိုင်ငံချစ်စိတ်၊
◆ တိန့်အင်မင်ကို အမှတ်ရစေတဲ့ ဟောင်ကောင်ထီးတော်လှန်ရေး ရှေ့စရီးစတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆိုင်ရာ မျက်နှာဖုံး အထူးဆောင်းပါး၊ သုံးသပ်ချက်များအပြင် ပြည်တွင်းပြည်ပ အနုပညာ၊ အားကစားသတင်းစုံစုံလင်လင် ဝေဝေဆာဆာနဲ့ စနေနေ့မှာ မလွတ်တမ်းဖတ်ရှုလိုက်ပါ။

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ (၁၁-၁၀-၂၀၁၄)ရက်နေ့တွင် ရွှေပေါက်ကံ၊ ဒဂုံ(တောင်)၊ မြောက်ဥက္ကလာပ၊ တာမွေ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ပိုလ်တထောင်၊ သာကေတ၊ ကျောက်တံတား၊ လသာ၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ဒဂုံ၊ လှိုင်၊ မရမ်းကုန်း၊ ကမာရွတ်၊ သုံးခွ၊ တံတား၊ ခရမ်း၊ သန်လျင်၊ ကျောက်တန်း၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်၊ ဖောင်ကြီးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအတွင်းလည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ (၁၂-၁၀-၂၀၁၄)ရက်နေ့တွင် ဒဂုံ(တောင်)၊ မြောက်ဥက္ကလာပ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ သာကေတ၊ ဒေါပုံ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ လှိုင်၊ မရမ်းကုန်း၊ ကမာရွတ်၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ သန်လျင်၊ မင်္ဂလာဒုံ၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒါးပိန်၊ အဖျောက်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအတွင်း လည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

## ခရီးသည်တင်မှန်လုံယာဉ် လမ်းဘေးထိုးကျတိမ်းမှောက် ခရီးသည်များထိခိုက်ဒဏ်ရာရ

**သထုံ အောက်တိုဘာ ၁၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် အရက်ပုံ့ချက်စက်ရုံဆိုင်းဘုတ်ရှေ့၌ အောက်တိုဘာ ၉ ရက် ည ၇ နာရီခွဲက ခရီးသည်တင်မှန်လုံယာဉ်တစ်စီး အရှိန်မထိန်းနိုင်သဖြင့် လမ်းဘေးသို့ တိမ်းမှောက်ကာ ယာဉ်ပေါ်ပါခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ ထားဝယ်သို့ ယာဉ်မောင်း အောင်အောင် မောင်းနှင်လာသော ကောင်းသစ်စံ ခရီးသည်တင် မှန်လုံယာဉ်သည် ဘီးလင်းမြို့ အရက်ပုံ့ချက်စက်ရုံ ဆိုင်းဘုတ်ရှေ့ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်း မိုင်တိုင်အမှတ် (၁၂၆/၃) နှင့် (၁၂၆/၄) အကြားတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်

ထိုသို့ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ၃၅ ဦးအနက် ၁၃ ဦး ထိခိုက်ဒဏ်ရာများ (မစိုးရိမ်ရ) ရခဲ့သည်။ အဆိုပါဒဏ်ရာရရှိသူများကို တာဝန်ရှိသူများက ဘီးလင်းဆေးရုံသို့ အရေးပေါ် ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မဆင်မခြင် မောင်းနှင်သူ အောင်အောင်အား ဘီးလင်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**



## မြစ်ကြီးနားဘူတာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မြစ်ကြီးနား အောက်တိုဘာ ၁၀**

ရထားရဲတပ်ဖွဲ့ အမှတ်(၁)တပ်ခွဲ မြစ်ကြီးနား ရထားရဲစခန်းမှ ဒုရဲအုပ် ရန်မျိုးထွန်းဦးနှင့် အဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီ မိနစ် ၄၀ခန့်တွင် မြစ်ကြီးနားဘူတာအတွင်း တာဝန်ထမ်းဆောင်စဉ် ရထားစီးရန် စောင့်ဆိုင်းနေသော ခရီးသည် စိုးကိုကိုအား မသင်္ကာဖွယ်တွေ့ရှိရ၍ မြစ်ကြီးနားရထားရဲစခန်းသို့ ခေါ်ယူစစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် GIORENZO တံဆိပ်အနက်ရောင် ကျောပိုးအိတ်ထဲမှ ရောင်စုံအအေးစုပ်ပိုက်များအတွင်းထည့်လျက် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀ (အလေးချိန် ၂၃ ဂရမ်ခန့်) သိမ်းဆည်း ရမိခဲ့သည်။ ထို့ကြောင့် ရွှေပြည်သာရပ်ကွက် ရေဦးမြို့နေသူအား မြစ်ကြီးနားရထားရဲစခန်းက မယ(ပ)၉/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က) အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(၄၉၉)**

■

## ပူစပ်သည့် အရည်တစ်မျိုးဖြင့် မျက်နှာအပက်ခံရမှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်နေ မသီတာစိုး (၂၃)နှစ်သည် အောက်တိုဘာ ၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် (၂၆)လမ်းဈေးမှ ဈေးဝယ်ပြီး အနော်ရထာလမ်းအတိုင်း ပြန်လာစဉ် ပန်းဘဲတန်းမြို့နယ် (၄) ရပ်ကွက် ကုန်ဈေးတန်းနှင့် (၂၇) လမ်းကြားအရောက်တွင် လူငယ်အမျိုးသားတစ်ဦးက ပူစပ်သည့် အရည်တစ်မျိုးဖြင့် ဝဲဘက်ဘေးမှ မျက်နှာကိုပက်ခဲ့သည်။

ထိုသို့ အပက်ခံရမှုကြောင့် မျက်နှာ ဝဲဘက်ခြမ်းနှင့် ဝဲဘက်မျက်လုံး၊ ဝဲဘက်နားရွက်၊ အထက်အောက် နှုတ်ခမ်းတို့တွင် ပူစပ်သော ဝေဒနာခံစားရသဖြင့် ရန်ကုန်ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေရပြီး အရေးယူပေးရန်တိုင်ကြားခဲ့သည်။ ပန်းဘဲတန်းမြို့မရဲစခန်းက (ပ) ၃၂၆/၁၄ ပြစ်မှုပုဒ်မ ၃၂၄ အရ အမှုဖွင့်အရေးယူထားသည်။

**(၃၀)**






ကျန်းမာရေးဆောင်းပါး

# ပိုတက်စီယမ်ကြွယ်ဝတဲ့ အစားအစာများ

à ayufyuf

ဓာတုဒြပ်စင်တစ်မျိုးဖြစ်တဲ့ ပိုတက်စီယမ် (Potassium) ဟာ လူသားတို့ ကျန်းမာရေး အတွက် မရှိမဖြစ်တဲ့ အရာတစ်ခုပါ။ ပိုတက်စီယမ်က ခန္ဓာကိုယ်ထဲရှိ ဆိုဒီယမ်ပမာဏကို လျှော့ချပေးနိုင်တာကြောင့် ကြွက်သားများ တောင့်တင်းခြင်း၊ သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ နှလုံးသွေးကြောပြဿနာနှင့် နှလုံးတုန်ခြင်းတို့ကို လျော့ပါးသက်သာစေပါတယ်။

အရွယ်ရောက်ပြီးသူ လူတစ်ယောက်အတွက် တစ်နေ့တာပိုတက်စီယမ် လိုအပ်ချက်ပမာဏဟာ ၄ ဒသမ ၇ ဂရမ် ရှိသင့်ပြီး အားကစားသမားများအတွက်ကတော့ ထို့ထက်ပို၍ လိုအပ်ပါတယ်။ ယနေ့ကမ္ဘာမှာ ပိုတက်စီယမ်ကြွယ်ဝတဲ့ အစားအစာဟာ ငှက်ပျောသီးလို့သာ လူအများသိထားကြပါတယ်။ သို့သော် အောက်ဖော်ပြပါအစားအစာလေးများက ငှက်ပျောသီးထက်ပိုမိုတဲ့ ပိုတက်စီယမ်ပမာဏကို ပေးစွမ်းနိုင်ကြပါတယ်။

**ဟင်းနုနယ်ရွက်**

အပူပေးချက်ပြုတ်ကြော်ထားတဲ့ ဟင်းနုနယ် တစ်ပန်းကန်စာထဲမှာ ပိုတက်စီယမ် ၈၃၉ မီလီဂရမ် ပါရှိနေပါတယ်။ ဟင်းနုနယ်ရွက်ကကြွက်သားများ ကြွက်တက်ခြင်းကို လျော့ပါးသက်သာစေတာကြောင့် အားကစားသမားတွေအတွက် ထိပ်တန်းအစားအစာလို့ ဆိုနိုင်ပါတယ်။ ဒါ့ပြင်၎င်းအစိမ်းရင့်ရောင်အရွက်ဖားဖားတွေထဲမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ အပြည့်အဝပါရှိနေတာကြောင့်လည်း အမျိုးသမီးများ မမျိုးဥအိမ်နှင့် အမျိုးသားများ ဆီးကျိတ်ကို ကျန်းမာစေကာ ကင်ဆာရောဂါဖြစ်ခြင်းမှကာကွယ်ပေးပါတယ်။

ဖော်ပြပါ ဝေဒနာ ခံစားနေရသူတွေအဖို့ ဟင်းနုနယ်ရွက်ကို အပူပေးကြော်ချက်ပြုတ်၍ တစ်နေ့ နှစ်ကြိမ်ကျဖြင့် နေ့စဉ်စားသုံးသင့်ပါတယ်။

**အဖြူရောင်ပဲစေ့များ**

ပဲအားလုံးတိုင်းဟာ ပိုတက်စီယမ်ကြွယ်ဝကြပါတယ်။ သို့သော် ပဲလွန်းဖြူကဲ့သို့ အဖြူရောင်ပဲစေ့တွေထဲမှာ ပိုတက်စီယမ်ပါဝင်မှု ပိုများပါတယ်။ အပူပေး၍ ချက်ပြုတ်ပြင်ဆင်ထားတဲ့ အဖြူရောင်ပဲစေ့တစ်ခွက်စာပမာဏထဲမှာ ပိုတက်စီယမ် ၁၀၀၄ မီလီဂရမ်ပါရှိနေပါတယ်။ ဒါ့ပြင်ပရိုတင်းဓာတ်ကြွယ်ဝတာကြောင့်လည်း ပရိုတင်းဖြည့်စွက် စာအဖြစ် စားသောက်နိုင်ပါတယ်။ ထိုပဲတွေကို ဘယ်လောက်စားစား သွေးထဲရှိသကြားပမာဏကို (လုံးဝ)မတက်စေပါဘူး။ ဒါ့ပြင် နှလုံးရောဂါဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်တာကြောင့် ပိုတက်စီယမ်လိုအပ်နေသူများအတွက် နေ့စဉ်သုံးအစားအစာအဖြစ်စားပေးသင့်ပါတယ်။

**ထောပတ်သီး**

ဗီတာမင်များသာမက ပိုတက်စီယမ်ကြွယ်ဝတဲ့အစားအစာကိုပြပါဆိုလျှင် ထောပတ်သီးကိုသာ ရွေးချယ်ရမှာပါ။ အရွယ်တူညီ ထောပတ်သီးတစ်လုံးနှင့် ငှက်ပျောသီးတစ်လုံးတို့ကို နှိုင်းယှဉ်ကြည့်တဲ့အခါထောပတ်သီးထဲမှာ ပိုတက်စီယမ်ပါဝင်မှု နှစ်ဆမျှ ပိုနေပါတယ်။ ထောပတ်သီး တစ်နေ့တစ်လုံး မှန်မှန်စားသုံးသူတွေမှာ ခံတွင်းကင်ဆာနှင့် လေငန်းရောဂါတွေ ဖြစ်ခြင်းမှ ကာကွယ်ရာရောက်တယ်လို့ ကျန်းမာရေးသုတေသီတွေက အကြံပြုထားပါတယ်။ လတ်ဆတ်၍ မှည့်နေတဲ့ အရွယ်ကြီးကြီး ထောပတ်သီးတစ်လုံးထဲမှာ ပိုတက်စီယမ် ၉၇၅မီလီဂရမ်ခန့်နှင့် ကယ်လိုရီ ၃၂၂ ခန့် ပါရှိနေကြပါတယ်။

**ခရမ်းချဉ်သီး**

ခရမ်းချဉ်သီးများဟာ ပိုတက်စီယမ်ရရှိနိုင်တဲ့အရင်းအမြစ်ဆိုတာကို သင်အံ့ဩမသွားလိုက်ပါနဲ့။ ဒါတင်မကသေးပါဘူး။ခရမ်းချဉ်သီးထဲမှာ ဗီတာမင်အေ၊ ဗီတာမင်စီနှင့် လိုင်စိုပင်န်ဓာတ်တွေ ပါရှိနေတာကြောင့်ထိုဓာတ်များက ခန္ဓာကိုယ်အတွက် ဓာတ်တိုးဓာတ်ဆန့်ကျင်ပစ္စည်းများအဖြစ် အစွမ်းထက်မြက်စေပါတယ်။ အပူပေး၍ ချက်ပြုတ်ပြင်ဆင်ထားတဲ့ ခရမ်းချဉ်သီး တစ်ခွက်စာထဲမှာ ပိုတက်စီယမ် ၉၀၉ မီလီဂရမ်နှင့် ကယ်လိုရီ ၇၈ တို့ ပါရှိကြပါတယ်။

**အာလူး**

အာလူးဟာ ဟင်းကိုအပွားခပ်ပေးနိုင်တာကြောင့် စားအိုးကြီးသောမိသားစုမှ အိမ်ရှင်မများအတွက် မရှိမဖြစ်အဖော်မွန်ကောင်းဖြစ်သလို ခွန်အားပြည့်ဝစေတာကြောင့်လည်း အရွယ်သုံးပါးမရွေးအတွက် အထူးသင့်လျော်လို့နေပါတယ်။ အကယ်၍ အာလူးကြီးကြီးတစ်လုံးကို မီးကင်(ဖုတ်)စားပါက ပိုတက်စီယမ် ၉၂၅မီလီဂရမ်ရရှိစေမှာဖြစ်သလို ကန်စွန်းဥကြီးကြီးတစ်လုံးကို မီးကင်စားပါကပိုတက်စီယမ် ၆၉၄ မီလီဂရမ် ရှိရနိုင်ပါတယ်။ ဒါ့ပြင် ကယ်လိုရီပြည့်ဝတဲ့ အာလူးထဲမှာ အမျှင်ဓာတ်တွေ အလုံအလောက် ပါရှိနေပါတယ်။ ကိုလက်စထရော ကျချင်သူများကလည်းအာလူးကို အားကိုးထိုက်ပါတယ်။

**ငှက်ပျောသီး**

ပိုတက်စီယမ် ကြွယ်ဝတဲ့အစားအစာ စာရင်းထဲမှာ ငှက်ပျောသီးကို ချန်ထားလို့မရပါဘူး။ ဗိုက်ဆာလာတဲ့အခါ ဇာတ်လိုက်ကျော်ငှက်ပျောသီးလေးတွေကို နေရာမရွေး အချိန်အခါမရွေး အခွံနွှာစားရုံမျှဖြင့် အဆာပြေရင်အေးစေပါတယ်။ ဒါ့ပြင်ငှက်ပျောသီးက နှလုံးနှင့် ဆံပင်(ဆံသား)ကျန်းမာရေးတို့အတွက် အဖော်မွန်ကောင်းပါပဲ။ ကျန်းမာလိုသူများအဖို့ နံနက်ငှက်ပျောဆိုတဲ့ ဆောင်ပုဒ်လေးအတိုင်း နံနက်တိုင်း ငှက်ပျောသီးတစ်လုံးကိုမမေ့မလျော့ စားဖြစ်အောင်စားပေးပါ။

**နွားနို့**

ရှစ်အောင်စ ပမာဏရှိတဲ့ နွားနို့အကျက်ဖန်ခွက်တစ်ခွက်ထဲမှာ ပိုတက်စီယမ် ၃၂၂ မီလီဂရမ်နှင့် ကယ်လိုရီ ၁၀၀ နီးပါးခန့် ပါရှိနေကြပါတယ်။ ဒါ့ပြင် နွားနို့ဟာ ဗီတာမင်နှင့် ကယ်လ်စီယမ်တို့ရရှိရာ အရင်းအမြစ်ဖြစ်တာကြောင့်လည်း အရွယ်သုံးပါးမရွေး သောက်သုံးသင့်တဲ့ အာဟာရရေဖြူလို့ တင်စားခေါ်ဝေါ်ထိုက်ပါတယ်။

**ဒိန်ချဉ်**

နို့ကလုပ်တဲ့ ဒိန်ချဉ်ဖြစ်လို့ နို့လိုပဲ ပိုတက်စီယမ်ကြွယ်ဝတယ်ဆိုတာ ယုံမှားသံသယ ဖြစ်ဖွယ်မရှိပါ။ သို့သော် ဒိန်ချဉ်နဲ့ နို့ကို နှိုင်းယှဉ်ကြည့်တဲ့အခါမှာ ဒိန်ချဉ်ထဲမှာပိုတက်စီယမ်ပါဝင်မှု ပိုနေတယ်ဆိုရင် သင်အံ့ဩသွားလေမလား။ လေ့လာစမ်းစစ်ချက်များအရ ဒိန်ချဉ်တစ်ခွက်ထဲမှာ ပိုတက်စီယမ် ၆၂၅ မီလီဂရမ်နှင့် ကယ်လိုရီ ၁၃၇ ပါရှိနေကြောင်း၊ အဆီမပါတဲ့ ဒိန်ချဉ်တစ်ခွက်ထဲမှာ ပိုတက်စီယမ် ၅၇၉ မီလီဂရမ်ပါရှိကြောင်း၊ ဒိန်ချဉ်က အစာကျေညက်လွယ်စေတာကြောင့် ထမင်းစားပြီးတဲ့အခါဒိန်ချဉ်သောက်သင့်ကြောင်း၊ အဆီပါတဲ့ဒိန်ချဉ်က အရိုးပါး၊ အရိုးပျော့ရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း လေ့လာမှတ်သားရပါတယ်။

**လိမ္မော်ရည်**

ဖန်ခွက် တစ်ခွက်စာပမာဏရှိတဲ့ လတ်လတ်ဆတ်ဆတ် လိမ္မော်သီးဖျော်ရည်ထဲမှာ ပိုတက်စီယမ် ၄၉၅ မီလီဂရမ် နှင့် ကယ်လိုရီ ၁၁၂ ပါရှိနေပါတယ်။ ဒါ့ပြင် လိမ္မော်သီးထဲရှိ ဗီတာမင်စီဓာတ်က အသားအရေကိုလွန်စွာကောင်းကျိုးပြုတာကြောင့် လိမ္မော်သီးကို အစာလည်းဆေး ဆေးလည်းအစာအဖြစ် စားသုံးပေးသင့်ပါတယ်။

**စပျစ်သီးခြောက်**

လက်တစ်ဆုပ်စာ ပမာဏရှိတဲ့ စပျစ်သီးခြောက်ထဲမှာ ခန္ဓာကိုယ်ကို အားဖြည့်ပေးနိုင်တဲ့ ပိုတက်စီယမ် ၅၄၄ မီလီဂရမ်၊ ကယ်လိုရီ ၁၄၉ နှင့် ဗီတာမင်အေ ၂၅၀ မီလီဂရမ်တို့ ပါရှိနေကြပါတယ်။ ဒါ့ပြင် အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင် ပစ္စည်းများ ပါရှိနေတာကြောင့် အစာအိမ်နဲ့ အူလမ်းကြောင်း ကင်ဆာမဖြစ်အောင် ကူညီပေးနိုင်တဲ့ ထိုစပျစ်သီးခြောက်လေးတွေကို ထမင်းစားပြီးတိုင်း အချိုပွဲအဖြစ် စားသုံးနိုင်ပါတယ်။ (သကြားလုံးဝမပါလေ ကျန်းမာရေးအတွက် ကောင်းလေပါပဲ)



**ဆယ်လ်မွန်ငါး**

ပိုတက်စီယမ် အားနည်းနေသူများအတွက် ဆယ်လ်မွန်ငါးတွေကို အားကိုးထိုက်ပါတယ်။ ၁၃ အောင်စ အလေးချိန်ရှိတဲ့ ဆယ်လ်မွန်ငါးထဲမှာ ပိုတက်စီယမ် ၅၃၄ မီလီဂရမ်နှင့် ကယ်လိုရီ ၁၅၅ ပါရှိနေပါတယ်။ သို့သော် ထိုငါးကို ဆီပူကြော်ခြင်း(သို့မဟုတ်) မီးကင်ခြင်း ပြုတဲ့အခါမှာတော့ ၎င်းအာဟာရ အာနိသင်တွေကို အပြည့်အဝ မရနိုင်တော့ပါဘူး။ ဒါကြောင့် အာဟာရဓာတ်တွေ မဆုံးရှုံးစေဖို့အတွက် ဆယ်လ်မွန်ငါးကို ချက်ပြုတ်၍သာ စားသောက်ပေးပါ။

**အဖြူရောင် မှိုပွင့်လေးများ**

လူတစ်ယောက်ရဲ့တစ်နေ့တာ လိုအပ်လျက်ရှိသော ပိုတက်စီယမ်သတ္တုဓာတ်၏ ၂၈ ရာခိုင်နှုန်းကို အဖြူရောင်မှိုဟင်း တစ်ပန်းကန်စာမှ ရရှိနိုင်ပါတယ်။ ဒါ့ပြင် မှိုဟင်းတစ်ပန်းကန်စာပမာဏထဲမှာ ကယ်လိုရီ ၂၈ ပါရှိနေပါတယ်။ အာဟာရဓာတ် မပျောက်စေဖို့အတွက် ၎င်းမှိုပွင့်ကိုခပ်ပျော့ပျော့ကြော်ချက်၍ စားပေးသင့်ပါတယ်။

**ဂုံးကောင်**

၁၀၀ ဂရမ်အလေးချိန်ရှိတဲ့ ပင်လယ်စာ ဂုံးကောင်လေးတွေထဲမှ ပိုတက်စီယမ် ၆၂၈ မီလီဂရမ်နှင့် ကယ်လိုရီ ၁၄၈ ကို ရရှိနိုင်တာကြောင့် ပိုတက်စီယမ်ချို့တဲ့နေသူများအတွက် လွန်စွာကောင်းကျိုးပြုပါတယ်။ ဒါ့ပြင် ဂုံးကောင်တွေမှာ အိုမီဂါ-၃ ဖက်တီးအက်စစ် ကြွယ်ဝစွာပါရှိတာကြောင့် နှလုံးကိုကျန်းမာစေပါတယ်။ ဗီတာမင်အေလည်း အလုံအလောက်ပါရှိနေတာမို့ အသားအရေကို ဝင်းပစေကာ အမြင်အာရုံကိုလည်းကြည်လင်စေမှာပါ။ အလေးချိန်တူညီတဲ့ အနီရောင်အသားနှင့် နှိုင်းယှဉ်ကြည့်ပါက ဂုံးကောင်ထဲမှာပါရှိတဲ့ ပရိုတင်းခွန်အားက ပို၍များပြားနေတာကို တွေ့ရမည့်အပြင် ကယ်လိုရီပါဝင်မှု လွန်စွာနည်းပါးတာကြောင့်လည်း သက်ရှည်ကျန်းမာစေဖို့ ဂုံးကောင်လေးတွေကို မကြာခဏဆိုသလို စားပေးသင့်ပါတယ်။

**သင်္ဘောသီး**

ကျန်းမာရေးအတွက် ဘက်ပေါင်းစုံမှ ကောင်းကျိုးပြုတဲ့ သင်္ဘောသီးတွေဟာ ဆေးသိပ္ပံနည်းအရရော၊ မြန်မာ့ရိုးရာ ဆေးမြီးတိုကုထုံးများအတွက်ပါ အသုံးတည့်လှပါတယ်။ အထူးသဖြင့် ရောင်ရမ်းနာအမျိုးမျိုးနှင့် ဝမ်းချုပ်ခြင်းကို ပြေလျော့စေတာကြောင့်လည်း ညသင်္ဘော (ညအိပ်ရာဝင်ခါနီးတိုင်း သင်္ဘောသီးမှည့်စားပါ) လို့ ဆိုရိုးစကားရှိပါတယ်။ လတ်ဆတ်တဲ့ အရွယ်လတ်လတ် သင်္ဘောသီးမှည့် တစ်လုံးထဲမှာ ပိုတက်စီယမ် ၇၁၈ မီလီဂရမ် နှင့် ကယ်လိုရီ ၁၁၉ တို့ ရရှိနိုင်မှာပါ။

**အစိမ်းရောင် ပဲဆီမ့်သီး**

Pistachios(ခေါ်)ချိုဆိမ့်ဆိမ့်အရသာရှိတဲ့ အစေ့အဆန်မျိုးနွယ်ဝင် အစိမ်းရောင် ပဲဆိမ့်သီးကို လက်တစ် ဆုပ်စာပမာဏ စားပေးခြင်းဖြင့် ပိုတက်စီယမ် ၈ ရာခိုင်နှုန်းကို ရရှိနိုင်မှာဖြစ်ပါတယ်။ ထို ပဲဆိမ့်သီးလေးတွေမှာ ဗီတာမင်ဘီ ၆ မြင့်မားစွာပါရှိနေတာကြောင့် ဦးနှောက်နှင့်အာရုံကြောများကို ကောင်းကျိုးပြုပေးနိုင်ပါတယ်။ ဒါ့ပြင် ဗီတာမင်အီး ပါဝင်နေလို့ အသားအရေအတွက် ဆေးဖက်ဝင်ပါတယ်။ Pistachios(ခေါ်)အစိမ်းရောင်ပဲဆိမ့်သီးတွေဟာ နိုင်ငံခြားမျိုးဖြစ်တာကြောင့် Super Market ဆိုင်များ၏ သွားရည်စာ အရောင်းကောင်တာများမှာ ဘူးလေးများဖြင့် ထုပ်ပိုးရောင်းချလျက်ရှိပါတယ်။


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁၄-A)၊ မြေကွက်အမှတ်(၃၆)၊ ဧရိယာ (၀. ၄၀)ဧက၊ မြေကွက်တည်နေရာအမှတ် (၄၆၇/၄၇၃)၊ ဗဟိုလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ မသန်းရင် အမည်ပေါက်၊ က-မြေ/လ/န-၃၉(စက်မှုလက်မှုမြေ)မြေအား အရောင်းအဝယ်စာချုပ်အမှတ်-၄၇၂/၆၀ (၂၆-၁၂-၆၀) စာချုပ်ရုံး၊ ရုံးလက်ခံမိတ္တူမှန်၊ မြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ် စာချုပ်အမှတ်-၁၆၃၄/၉၇(၄-၄-၉၇)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၃၃၆၃/၁၀(၁၃-၉-၁၀)တို့အရ မြေကွက်၏တရားဝင်မခွဲစိတ်ရသေးသော(Portion)၉၃'/၉၀'×၁၀၀' ကိုပိုင်ဆိုင်သူ ဒေါ်သိန်းသိန်း[၈/မကန(နိုင်)၀၁၃၃၇၃]ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၄၇၃/၁၄(၂၈-၈-၂၀၁၄) ရရှိသူ ဒေါ်သူသူလှိုင်စိုး[၁၂/လသယ(နိုင်)၀၃၈၃၈၆]က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ မြေကွက်အမှတ်-၁၂၂/ခ၊ မြေကွက်တည်နေရာအမှတ်-၁၂၂၊ ပတ္တမြားလမ်း (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါ်တင်တင် အေး (CF-၀၇၄၉၃၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်အေးကွယ်လွန်သဖြင့် ဒေါ်တင်တင်အေး(မိခင်)၊ ဦးစောမောင်(ဖခင်တို့ကွယ်လွန်၍ ဦးမင်းဆွေ[၁၂/မဂတ(နိုင်)၀၃၃၂၃၀]၊ ဒေါ်ခင်ဝင်းချို[၁၂/သကတ(နိုင်)၀၆၆၂၈၈]၊ ဒေါ်သင်းသင်းချို[၁၂/သကတ(နိုင်)၀၀၄၅၆၃]တို့မှ သား သမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၅၂၅/ ၂၀၁၄(၁၈-၇-၂၀၁၄) နှင့် ၂၂၄/၂၀၁၃(၃-၁-၂၀၁၃)ဖြင့်ရရှိသူ ဒေါ်ရွှေရွှေစိန်သက်မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဦးငွေဝင်း[၁၂/အစန(နိုင်)၀၆၁၁၂၇]နှင့် ဇနီး ဒေါ်ကြည်ကြည်အေး [၁၂/အစန(နိုင်)၀၆၀၈၅၁]နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၆)လမ်းအနောက် အမှတ် (၁၀၂၆/က)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှသိန်း(ခ)ဒေါ်ဂိုတီ(ခ)မဂိုရီ(AA-၀၂၁၂၁၁)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှသိန်းသည် အထက်လိပ်စာပါ ကျွန်ုပ်မိတ်ဆွေဂရန်အမည်ပေါက် ပိုင်ဆိုင်နေထိုင်သည့် နေအိမ်ခန်းတွင် ငှားရမ်းနေထိုင်သူ ဦးငွေဝင်း[၁၂/အစန(နိုင်)၀၆၁၁၂၇]အား ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ၄-၉-၂၀၁၃ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၂၀၂)ဖြင့် လွှဲအပ်ထားသော်လည်း အဆိုပါ ဦးငွေဝင်းနှင့်၎င်း၏ဇနီး ဒေါ်ကြည်ကြည်အေး[၁၂/အစန(နိုင်) ၀၆၀၈၅၁]တို့အား ကျွန်ုပ်၏မိတ်ဆွေက သာကေတမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားချက်အရ သာကေတမြို့မရဲစခန်းက ဦးငွေဝင်းနှင့် ၎င်း၏ဇနီးဒေါ်ကြည်ကြည်အေးတို့အား ပထမသတင်းပေးတိုင်ကြားချက်အမှတ် ၄၆၃/၂၀၁၄၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ဖြင့် အရေးယူ ဆောင်ရွက်ထားပါသဖြင့် အဆိုပါ ဦးငွေဝင်း[၁၂/အစန(နိုင်)၀၆၁၁၂၇]အား လွှဲအပ်ထားသည့် ၄-၉-၂၀၁၃ရက်စွဲပါ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၆၂၀၂)အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း ဦးငွေဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဒေါ်လှသိန်း(AA-၀၂၁၂၁၁) | ဦးအောင်နိုင်စိုး |
| | (LL.B) |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၈၂) |
| | အမှတ်(၁၄၇၀/က)၊ ထူပါရုံ (၁၃)လမ်းအရှေ့၊ |
| | ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်။ |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

[illegible]

| | |
|---|---|
| ဒေါ်ဝင်းခင်းနွယ် (စဉ်-၈၃၂၀) | ဒေါ်ခင်မာမာ (စဉ်-၁၅၅၁၄) |
| LL.B, WIPO (Geneva) | B.Econ, H.G.P, R.L.1, D.B.L, |
| တရားလွှတ်တော်ရှေ့နေ | D.L (101), WIPO (Geneva) |

[illegible]

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ အမှတ်-၁၁၈/၁၂၀၊ ၆ -လွှာ(အေ)ပေ(၂၂×၄၅) ဖြစ်သောတိုက်ခန်းနှင့် အကျိုးသက်ဆိုင်ခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးမြင့်[၁၂/အလန(နိုင်)၀၄၅၃၉၀]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ၂၇-၉-၂၀၁၄ရက်စွဲပါ စရန်ပေးကတိစာချုပ်ချုပ်ဆို၍ တိုက်ခန်းအရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေခဲ့ပြီးဖြစ်ရာ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးစိန်မောက် B.A(Law),LL.B | ဦးထွန်းထွန်းဦး (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၉၉) | အထက်တန်းရှေ့နေ(စဉ်-၄၃၁၈၀) |

အမှတ်(၅၈)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၇၇၂၀၊ ၀၉-၃၃၇၅၄၀၇

## ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၁၃၅/၅) အနီးတွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မှုဖြစ်

**နတ်တလင်း၊ အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ ရွာသာကုန်းရွာထိပ် ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် ၁၃၅/၅ အနီးတွင် အောက်တိုဘာ ၈ ရက် နံနက် ၇ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် မြို့မရဲစခန်းမှ တာဝန်မှူး ဒု-ရဲအုပ် ရန်နိုင်ဦးနှင့် ယာဉ်ရှင်းခေါင်းဆောင် ဒုတိယတပ်ကြပ် သန်းစိုးနိုင်တို့အဖွဲ့ သွားရောက်စစ်ဆေးရာ ရွာလမ်းအတွင်း ကားလမ်းမကြီးပေါ်သို့ အတက်တွင် ရန်ကုန်ဘက်သို့ ဦးအောင်မျိုး အသက် (၅၉) နှစ် မောင်းနှင်လာသော VITZ အစိမ်းနုရောင်နှင့် ရွာသာကုန်းရွာမှ ဦးဝင်းရီ အသက် (၅၁) နှစ် ဒေါ်သန်းသန်းထွေး အသက် (၇၈) နှစ်တို့ စီးနင်းလာသော ဆိုင်ကယ်တို့ တိုက်မိပြီး ဦးဝင်းရီမှာ ပွန်းပဲ့ဒဏ်ရာရကာ ဒေါ်သန်းသန်းထွေးက ဝဲနားထင်ပေါက်ပြဲဒဏ်ရာနှင့် နှာခေါင်းမှသွေးယိုထွက်ကာ ဆေးရုံတွင် သေဆုံးသွားခဲ့သည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ နတ်တလင်းမြို့မရဲစခန်းမှ ပ/၁၅/၁၄ ပြစ်မှုပုဒ်မ ၃၀၄/က/၃၃၇ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## ဆိုင်ကယ်လုယူသူများအား ဖမ်းဆီးဖော်ထုတ်

**မိတ္ထီလာ၊ အောက်တိုဘာ ၁၀**

မိတ္ထီလာခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်ကြည်ရှိန် ခေါင်းဆောင်၍ တပ်ကြပ်ကြီး လှိုင်ဝဏ္ဏသန့်၊ တပ်ကြပ် မောင်ညွန့်၊ ဒုတိယတပ်ကြပ် သန်းထွန်း၊ အသိသက်သေ အောင်ဆန်းရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးဝင်းရှိန်၊ ပေါက်ချောင်းရပ်ရာအိမ်မှူးဦးလှမင်းတို့နှင့်အတူ၊ မိတ္ထီလာမြို့မ ရဲစခန်း(ပ) ၅၇၃/၂၀၁၄ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အလိုရှိနေသော တရားခံများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာ အောက်တိုဘာ ၇ ရက် ညနေပိုင်းက မိတ္ထီလာတောင်ကန်ပတ်လမ်း၊ မြန်မာ့စီးပွားရေးဘဏ်ရှေ့မှ မသင်္ကာသူများအား စောင့်ဆိုင်းနေစဉ် ခိုးရာပါ သက်သေခံဆိုင်ကယ်အား ပေါက်ချောင်းကွက်သစ်မှ စီးလာသူ မိုးသန့်ဇင်၊ သန်းနိုင်ဦး(ခ) စွေစောင်းနှင့် ရဲနိုင်ဦး(ခ) ဖိုးလုံးတို့သုံးဦးအား ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးရာ ဆိုင်ကယ်ကိုထား၍ စီးပွားရေးဘဏ်အတွင်းသို့ လူလွတ်ဝင်ရောက်ထွက်ပြေးသဖြင့် ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးပြီးနောက် ၎င်းတို့သုံးဦးအား ရှာဖွေစစ်ဆေးရာ သန်းနိုင်ဦး(ခ) စွေစောင်းဝတ်ဆင်ထားသော ဂျင်းဘောင်းဘီ အိတ်ကပ်အတွင်းမှ ပန်းရောင်စိတ်ကြွဆေးပြား ငါးပြားအားရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းဆေးပြားများအား သုံးစွဲရန်နှင့် ရောင်းချရန် ဖိုးလုံးထံမှ ဝယ်ယူခဲ့ကြောင်း အစစ်ခံခဲ့သည်။ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ အရှေ့ပြင်ရပ်နေ မိုးသန့်ဇင်၊ သန်းနိုင်ဦး(ခ) စွေစောင်းနှင့် ရဲနိုင်ဦး(ခ)ဖိုးလုံးတို့သုံးဦးအား ဒု-ရဲအုပ်ဇော်ထွန်းမင်းက တရားလိုပြု၍ မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ မူးယစ်(ပ) ၄/၂၀၁၄ မူးစိတ်ပုဒ်မ ၁၅/၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားသည်။

မိုးသန့်ဇင်၊ သန်းနိုင်ဦး(ခ) စွေစောင်းနှင့်ရဲနိုင်ဦး(ခ)ဖိုးလုံးတို့ သုံးဦးစီးနင်းလာသော ဆိုင်ကယ်အိပ်ဇောကြားမှ အရိုး ခုနစ်လက်မ၊ အသွား ၂၄ လက်မ စုစုပေါင်း ၃၁ လက်မအရှည် ဓားချွန်တစ်ချောင်းအား တွေ့ရှိသဖြင့် မြို့မရဲစခန်းမှ (ပ) ၅၇၅/ ၂၀၁၄ လက်နက်ပုဒ်မ ၁၉ ဖြင့် အမှုဖွင့် အရေးယူထားသည်။ မိုးသန့်ဇင်ဝတ်ဆင်သော အနက်ရောင်ဘောင်းဘီ အိတ်အတွင်းမှ အသွား ၃ ဒသမ ၅ လက်မ၊ အရိုး ၄ ဒသမ ၅ လက်မ စုစုပေါင်း ရှစ်လက်မအရှည်ရှိ ဓားမြောင်တစ်ချောင်းအား တွေ့ရှိသဖြင့် မိုးသန့်ဇင်အား မြို့မရဲစခန်းမှ (ပ) ၅၇၄/၂၀၁၄ လက်နက်ပုဒ်မ ၁၉ ဖြင့် အမှုဖွင့် အရေးယူခဲ့ သည်။ မိုးသန့်ဇင်နှင့် သန်းနိုင်ဦး(ခ)စွေစောင်းတို့ညီအစ်ကိုနှစ်ဦးသည် အောက်တိုဘာ ၄ ရက်က မကျီးကုန်းရပ်ကွက်မှ ဟွန်ဒါကလစ်ဆိုင်ကယ်အား လုယူခဲ့သဖြင့် မြို့မရဲစခန်းမှ (ပ) ၅၇၃/ ၂၀၁၄ ပုဒ်မ ၃၈၂ ဖြင့် အလိုရှိနေသော တရားခံများဖြစ်သည်။

**တင်လှိုင်(မိတ္ထီလာ)**

## ကလေးတွင် ဗုဒ္ဓပူဇနိယပွဲတော် မီးဂျာလှည့်ပွဲများဖြင့် စည်ကားစွာကျင်းပ



**ကလေး၊ အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ပေါ်နှင့် ကလေးမြို့နယ် ကျေးလက်ဒေသများတွင် သီတင်းကျွတ်လပြည့်နေ့ ဗုဒ္ဓပူဇနိယ မီးပူဇော်ပွဲကို ဒေသရိုးရာ မီးဂျာခေါ် မီးပဒေသာပင် လှည့်လည်ပွဲများဖြင့် ထူးခြားစွာ ကျင်းပကြောင်း သိရသည်။

ကလေးဒေသတွင် မီးဂျာခေါ် မီးပဒေသာပင် လှည့်လည်ပွဲကို ရှေးနှစ်ပေါင်းများစွာမှစ၍ ကျင်းပခဲ့ကြပြီး လွန်ခဲ့သည့်နှစ် ၃၀ ကာလမှစတင်၍ ပျောက်ကွယ်နေခဲ့ခြင်းဖြစ်ရာ ယခုအခါ ရှေးမူမပျက် ပြန်လည်ဖော်ထုတ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျောင်းတိုက်ရွာမှာတော့ နှစ်စဉ် မီးဂျာလှည့်ပွဲဖြစ်မြောက်ပါတယ်။ အခုနှစ်ကတော့ အစည်ကားဆုံးပေါ့။ အမှန်ကတော့ မီးဂျာဆိုတာ မီးပဒေသာပင်လို့ဆိုတာပါပဲ။ ဒေသအခေါ် မီးဂျာပေါ့ဗျာ။ ကိုယ့်အိမ်၊ သူ့အိမ်၊ ကိုယ်လုပ်တတ်သလို ဖယောင်းတိုင်မီးနဲ့ မီးပဒေသာပင် ထွန်းညှိကိုင်ဆွဲပြီး ရွာထဲလှည့် ရွာဦးဘုရားမှာ မီးသွားလှူတဲ့ပွဲဖြစ်ပါတယ်။ ရွာအလိုက် ရပ်အလိုက် အတီးအမှုတ်အကအခုန်တွေလည်း ပါတယ်။ ကောက်ဦးဆွမ်းဆန်စိမ်းလှူပွဲလည်း ပါတယ်။ အသီးအနှံ ဟင်းချက်စရာ လှူဒါန်းပွဲလည်းပါတယ်"ဟု ကျောင်းတိုက်ကျေးရွာမှ ကိုမြင့်အောင်က ပြောသည်။

ယခုနှစ်၏ သီတင်းကျွတ်လပြည့်နေ့တွင် ကလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများဖြစ်သော နှစ်ပေါင်းတစ်ထောင်ကျော်ရှိ သမိုင်းဝင် ရွှေဘုံသာဘုရားကြီးတွင်လည်းကောင်း၊ အလောင်းစည်သူမင်းကြီး၏ သက်န်းနက်သားနှင့် ထုလုပ်ကိုးကွယ်ခဲ့သည့် စကားလှဘုရားကြီးတွင်လည်းကောင်း၊ ကလေးမြို့-ကလေးဝ-တမူး သုံးမြို့လမ်းဆုံရှိ ရေဆန်ကျွန်းမြတ်စေတီတွင်လည်းကောင်း၊ ကလေးမြို့လယ် ရေဆန်ကျွန်းမြတ်စေတီတွင်လည်းကောင်း၊ ဘုရားကျောင်းကန်စေတီပုထိုးများ၌ သီတင်းကျွတ်အခါ ရက်မြတ်တွင် ဥပုသ်သီတင်းသီလဆောက်တည်သူများ၊ ပန်းဆီမီးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**

## ချောက်တွင် ခရီးသည်တင်မော်တော်ယာဉ်များအား အန္တရာယ်ကင်းစေရန် စစ်ဆေးကြပ်မတ်မှုများပြုလုပ်

**ချောက်၊ အောက်တိုဘာ ၁၀**

အဝေးပြေးခရီးသည်တင် မော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရန်နှင့် ခရီးသွားပြည်သူများ ယာဉ်မတော်တဆမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ချောက်မြို့နယ်မှ ရန်ကုန်-မန္တလေးမြို့များသို့ ထွက်ခွာမည့် ခရီးသည်တင် အဝေးပြေးယာဉ်လိုင်းများဖြစ်ကြသည့် ဘုရင့်နောင်ယာဉ်လိုင်း၊ အေးချမ်းဖြိုးယာဉ်လိုင်း၊ ပြည့်ဖြိုးအောင်ယာဉ်လိုင်း၊ မန်းသစ္စာယာဉ်လိုင်း၊ မြသရဖူယာဉ်လိုင်းမှ ထွက်ခွာမည့်ယာဉ်များအား လုပ်ငန်းလိုင်စင်ပြည့်စုံမှု ရှိ-မရှိ၊ ယာဉ်ကြံ့ခိုင်မှု ရှိ-မရှိ၊ မီးသတ်ဆေးဘူးတပ်ဆင်ခြင်း ရှိ-မရှိ၊ ယာဉ်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်အကူများနှင့် ပတ်သက်သော စာရွက်စာတမ်းများ ပြည့်စုံမှု ရှိ-မရှိ၊ အန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ထွက်ပေါက်ပါရှိမှုနှင့် လွယ်ကူမှု ရှိ-မရှိတို့ကို စစ်ဆေးကြပ်မတ်ခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးမှုများအား ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်မှုဖြင့် မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပုဂ္ဂလိက မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့မှ ထိုသို့စစ်ဆေးမှုကို အပတ်စဉ် အင်္ဂါနှင့် သောကြာနေ့များတွင် စစ်ဆေးကြပ်မတ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**ဝင်းဌေး(ပြန်/ဆက်)**




### "ကန်ထရိုက်တာ ဦးအောင်နိုင်(ခ) ဦးဇင်သန့်ချစ်နှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၃) ရပ်ကွက်၊ (ခိုင်ရွှေဝါ) (၄)လမ်း၊ အမှတ်(၁၁၀၀) နေ ဦးကျော်မောင် [၁၂/သကတ(နိုင်)၀၆၁၁၄၇] နှင့် ဒေါ်မြင့်မြင့်သန်း [၁၂/သကတ(နိုင်) ၀၆၁၁၄၉] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကန်ထရိုက်တာ ဦးအောင်နိုင်(ခ) ဦးဇင်သန့်ချစ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်းကန်ထရိုက်တာ ဦးဇင်သန့်ချစ်သည် အောက်ဖော်ပြပါ ကျွန်ုပ်၏ မိတ်ဆွေများ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည့် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၂) ရပ်ကွက်၊ (၁၀)တောင်၊ ဇေယျဝတီ(၃)လမ်း၊ အမှတ် (၂၄၃၂ က+ခ) ဟု ခေါ်တွင်သော အလျား×အနံ (ပေ၄၀×ပေ၆၀) အကျယ်ရှိ ဂရန်မြေကွက်ပေါ်တွင် နှစ်ဦးနှစ်ဖက် အကျိုးတူ (၃)ခန်းတွဲ (၃)ထပ်ခွဲ R.C အဆောက်အအုံကန်ထရိုက်တိုက်အသစ်ဆောက်လုပ်ရန် သဘောတူ၍ ဆောက်လုပ်ခဲ့ရာတွင် လူကြီးမင်းကန်ထရိုက်တာဘက်အခြမ်းဖြစ်သည့် ဘယ်ဘက်အစွန်ဆုံး အခန်းများ၏ မျက်နှာစာအကျယ်သည် (၁၄ပေ ၆ လက်မ)ဖြစ်နေပြီး မြေရှင်များဘက်က ရရှိရန် သတ်မှတ်ထားသည့် ညာဘက်အစွန်ဆုံးအခန်းများ၏ မျက်နှာစာမှာ (၁၁ပေ ၆ လက်မ) အကျယ်သာလျှင်ရှိပြီး ကန်ထရိုက်တာဘက်မှ ၎င်းရရှိမည့် အခန်းများကို (၂ပေ ၆ လက်မ) အကျယ်အထိ ပိုမိုဆောက်လုပ်ခဲ့ကြောင်း အဆောက်အအုံများ ဆောက်လုပ်၍ ရုပ်လုံးပေါ်မှ မြေရှင်များဘက်က သိရှိခဲ့ရပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမြေရှင်များက လူကြီးမင်းထံ ဖြေရှင်းချက်တောင်းခံသည့်အနေနှင့် ဖုန်းဖြင့် အကြိမ်ကြိမ်ဆက်၍လည်းကောင်း၊ လူကိုယ်တိုင်သွားရောက်၍လည်းကောင်း အကြိမ်ကြိမ်ကြိုးစားသော်လည်း အတွေ့မခံ၊ ဖုန်းကိုလည်း ပိတ်ပြီးရှောင်တိမ်းနေကာ ကန်ထရိုက်တိုက် ဆောက်လုပ်သည့်နေရာသို့ မြေရှင်များမရောက်လာနိုင်သည့် ည ၁၁ နာရီ၊ ၁၂ နာရီအချိန်မှ ရောက်လာလေ့ရှိကြောင်း ပြောပြချက်များအရသိရပါသည်။

ဤကဲ့သို့ မြေရှင်များ၏ ခွင့်ပြုချက်မယူဘဲ ဦးဇင်သန့်ချစ်မှ မိမိသဘောနှင့်မိမိ တစ်ဖက်သတ် (ပေပို) ဆောက်လုပ်ခဲ့ခြင်း၊ မြေရှင်များထံ ယနေ့အချိန်ထိ ရန်ကုန်မြို့တော်အင်ဂျင်နီယာဌာနမှ ထုတ်ပေးသော တရားဝင်ကန်ထရိုက်တိုက်ပုံစံကို ပေးအပ်ခဲ့ဖူးခြင်းမရှိသလို ပြသခဲ့ဖူးခြင်း လည်းမရှိခြင်း၊ မြေရှင်များအား ကန်ထရိုက်ဦးဇင်သန့်ချစ်မှ မိမိသဘောနှင့် ကိုယ်တိုင်ပြုလုပ်ထားသည့် ကန်ထရိုက်တိုက်ပုံကြမ်းကို မြို့တော်စည်ပင်မှ ပေးသည့်ပုံဟု လိမ်လည်၍ မြေရှင်များကို ပေးအပ်ခဲ့ခြင်းများသည် လုံးဝ ရိုးသားမှုမရှိကြောင်း တွေ့ရှိရသည့်အတွက် လူကြီးမင်းကန်ထရိုက်တာ ဦးဇင်သန့်ချစ်ကိုယ်တိုင် ဤသတင်းစာ ကြေညာပါသည့်နေ့မှ (၃) ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ မြေရှင်များထံသို့လည်းကောင်း ဖြေရှင်းချက်ပေးရန်နှင့် အကယ်၍ မဖြေရှင်းပါက ယခုကိစ္စသည် ကန်ထရိုက်တာ ဦးဇင်သန့်ချစ်ဘက်မှစ၍ ကန်ထရိုက်တိုက်စာချုပ်အား ဖောက်ဖျက်ခြင်းဖြစ်သည့်အတွက် တည်ဆဲဥပဒေများအရ ထိရောက်စွာ တရားရုံးတွင် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သူဇာဝင်း (**LL.B**)
အထက်တန်းရှေ့နေ (စဉ်-၃၉၂၃၉)

ဦးဌေးလွင် (**LL.B**)
အထက်တန်းရှေ့နေ (စဉ်-၂၃၄၀၈)

အမှတ်(၆၀၁)၊ ၂၁-ရပ်ကွက်၊ ပေါက်ကံလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၄၀၁၅၇၉၀၈၁

# အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး ဖွဲ့ကပင် ဇီဝိတဒါနဆေးခန်းနှင့် ပညာဒါနကုသိုလ် ကျောင်းတော်ကြီး ရတနာအုတ်မြစ်ချ

**ဘားအံ၊ အောက်တိုဘာ ၁၀**

ကရင်ပြည်နယ်တွင် အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေး ဖွဲ့ကပင် ဇီဝိတဒါနဆေးခန်းကြီးနှင့် ပညာဒါန ကုသိုလ်ကျောင်းတော်ကြီးကို ဖွဲ့ကပင် ဆရာတော် ဦးဆောင်သော ဆရာ တော်ကြီးများ၊ တပည့်ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ဆောက် လုပ်မည်ဖြစ်ရာ အောက်တိုဘာ ၈ ရက် နံနက် ၇ နာရီက ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်၊ မဲဘောင်ကျောင်း တိုက် မြေနေရာတွင် ရတနာအုတ် မြစ်တော်စီ မင်္ဂလာအခမ်းအနား ကို ကျင်းပခဲ့သည်။



အဆောက်အအုံ တည်ဆောက် မည့် မြေနေရာ မဇ္ဈိမသီရိအရပ်၊ ဒက္ခိဏသီရိအရပ်၊ ဥတ္တရသီရိ(၁)၊ ဥတ္တရသီရိ(၂)အရပ်၊ ပစ္ဆိမသီရိ(၁) အရပ်နှင့် ပစ္ဆိမသီရိ(၂)အရပ်တို့ တွင် ဆရာတော်ကြီးများ၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ က အသီးသီးနေရာယူကြပြီး ပဌဝီ ဇယမန္တာန်တော်ကို ရွတ်ဖတ်ပူဇော် ကာ မင်္ဂလာအချိန်တွင် ရတနာ အုတ်မြစ်တော်စီမင်္ဂလာကို ဆောင် ရွက်ကြသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့ ဖွဲ့ကပင် ဇီဝိတဒါနဆေးခန်းကြီးနှင့် ပညာဒါန ကုသိုလ်ကျောင်းတော်ကြီး တည် ဆောက်နိုင်ရေးအတွက် ဖြစ်မြောက် အကောင်အထည်ဖော်ရေး သံဃ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ် ကော်မတီ များကို စက်တင်ဘာ ၅ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆောက်အအုံသည် အယ်လ်(L) ပုံသဏ္ဍာန်အဆောက်အအုံ ဖြစ်ပြီး အလျားပေ ၁၂၀ နှင့် အကျယ်အဝန်း သည်ပေ ၃၀ ရှိ သုံးထပ်ကျောင်း ဆောင်ဖြစ်ကာ ခန့်မှန်းကုန်ကျငွေ ကျပ် သိန်း ၄၀၀၀ ခန့်မှန်းထားပြီး သံဃာ့ဂိုဏ်းပေါင်းစုံ ဆရာတော်များ နှင့် ရပ်မိရပ်ဖများက အလှူငွေများ စုပေါင်း၍ ကျပ်သိန်း ၁၀၀၀ ဖြင့် စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

"အောက်ထပ်နှစ်ထပ်မှာ သံဃာ တော်များ၊ ပြည်သူများအတွက် ဇီဝိတ ဒါန ဆေးခန်းကြီးအဖြစ် သတ်မှတ်ပြီး အပေါ်ထပ်မှာ ပညာရေးဒါနကိစ္စရပ် များအတွက် ရည်ရွယ်ထားရှိမှာဖြစ် တယ်။ ဇီဝိတဒါနဆေးခန်းကြီး ပြီးစီး သွားရင် ခုနစ်ရက်သားသမီးများ စိတ် ချမ်းသာရေးအတွက် ရည်ရွယ်ထားလို့ ရပ်ဝေးရပ်နီးမှ အလှူရှင်များလည်း ပါဝင်ကုသိုလ်ပြုနိုင်ပါတယ်"ဟု ဖွဲ့က ပင်တောင်ဆရာတော် (ဖြစ်မြောက် ရေးသံဃာ့ကော်မတီဥက္ကဋ္ဌ)က မိန့်ကြား တော်မူခဲ့သည်။ **ကိုနေ(ပြန်/ဆက်)**

# လွိုင်လင်မြို့နယ်တွင် သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အစားအစာနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်း

**လွိုင်လင်၊ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇင်ဇင်သော် နှင့် အဖွဲ့သည် နမ့်စန်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ နံနက် ၉ နာရီက ကျင်းပသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အာဟာရဖြစ်စေမည့် အစားအစာ နှင့်ဆေးဝါးများ ထောက်ပံ့ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေ သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ အာဟာရဖြစ်စေမည့် အစားအစာနှင့် ဆေးဝါးများ၊ ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ယင်းနောက် သက်တူရွယ်တူ စကားဝိုင်းဆွေးနွေးပွဲကို ဆောင်ရွက်ကြပြီး နောက် နမ့်စန်မြို့နယ် တောင်ပေါ်ကျောင်းတိုက်ရှိ သီလရှင် ဆရာကြီး၊ ဆရာလေး ၁၀ ပါးအား လှူဖွယ်ဝတ္ထုနှင့် နဝကမ္မ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နမ့်စန်မြို့နယ် ကျန်းမာရေးဦးစီးဌာန ခေတ္တမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ အေးမိုးသက်က ကိုယ်ဝန်ဆောင်မိခင်များ အား ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့သည်။

ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင် အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇင်ဇင်သော်က ကိုယ်ဝန်ဆောင် အမျိုးသမီးများ အား အိုင်အိုဒင်းဆားနှင့် အာဟာရဖြစ်စေမည့် အစားအစာများ၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

ထို့နောက် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ကျန်းမာရေး စောင့်ရှောက် ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

**မိုးလွင်ဦး(လွိုင်လင်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# မင်းတုန်းမင်းရုပ်တုနှင့် ကုသိုလ်တော်ဘုရား ခရီးသွားဧည့်သည် ဝင်ရောက်မှု များပြား

**à wdvref**

မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြ သော နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ မှာ (The world's biggest book) ကို အံ့ဩစွာ လေ့လာမှတ်တမ်းယူလေ့ရှိကြသည်။

ခရီးသွားဧည့်သည်များမှာ အကြီးဆုံးနှင့် အများဆုံးသော ပိဋကတ်သုံးပုံပါ ကျောက်စာ များကို အထူးနှစ်သက် မှတ်တမ်းယူလေ့ရှိ သည်။ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ညွှန်းဆိုထားသော ကျောက်စာများသည် မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ်တော် ဘုရားအတွင်း၌ ရှိသည်။ ထိုစေတီတော်မြတ် ကြီးကို မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန် လဆန်း ၁၄ ရက်တွင် စတင်တည်ထားခဲ့ သည်။ ထိုစေတီတော်မြတ်ကြီး၏ဘေးဘက် တွင် ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဟု တင်စား ထားသည့် ပိဋကတ်သုံးပုံ ပါဠိတော်ကျောက် စာပေါင်း ၇၂၉ ချပ်တည်ရှိသည်။ ထိုကျောက် စာများကို မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် စတင်ထွင်းထုခဲ့ရာ ၁၂၃၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ သည်။ မာတိကာအလိုက် ပိဋကတ်သုံးပုံ ကျောက်စာများမှာ သုတ္တန် သုံးကျမ်း ကျောက် စာအချပ် ၄၁၀၊ ဝိနည်းငါးကျမ်း ကျောက် စာ ၁၁၁ ချပ်၊ အဘိဓမ္မာခုနစ်ကျမ်း ကျောက်စာ ၂၀၈ ချပ်၊ သမိုင်းကျောက်စာတစ်ချပ်အဖြစ် ရေးထိုးကမ္ပည်း တင်ထားခဲ့သည်။

ကျောက်စာတစ်ချပ်လျှင် ဓမ္မစေတီတစ်ဆူ နှုန်းဖြင့် တည်ထားခြင်းဖြစ်ရာ သပ္ပာယ်လွန်းလှ သည်။ ယခုအခါ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီး ရှိသည့် ကုသိုလ်တော်ဘုရားရှေ့ မန္တလေးနှစ် (၁၅၀)ပြည့် မင်းတုန်းမင်း ရုပ်တုအနီးတွင် သဘာဝစကျင်ကျောက်တုံးပေါ်တွင် UNESCO ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှု အဖွဲ့၊ ကုသိုလ်တော်ဘုရားကျောက်စာ များ၊ "နိုင်ငံတကာ စာရင်းဝင်သောနှစ် ၂၀၁၃ ခုနှစ် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်" ဟူသော စာတန်းပါသည့် ကျောက်စာပါ ကျောက်တုံးကြီးကို အောင်မြင်စွာ စိုက်ထူ ထားနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါပုံစံတူ ကျောက် စာတစ်ချပ်ကိုလည်း အင်္ဂလိပ်လိုရေးထိုးထား သည်။ သို့အတွက် မြန်မာတို့၏ ဂုဏ်ယူဖွယ် ရာ ကျောက်စာမှတ်တမ်းနှစ်ချပ် ကုသိုလ်တော် ဘုရားရှေ့တွင် မြင်တွေ့နေရပြီဖြစ်သည်။

ခရီးသွား ရာသီအစဖြစ်သော အောက်တိုဘာလဆန်းတွင် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ ကုသိုလ်တော်ဘုရား ကို နေ့စဉ်လာရောက်လေ့လာလျက်ရှိနေ သည်။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများသည် မြန်မာနိုင်ငံတွင် ခရီးသွားဧည့်သည်အများဆုံး ဝင်ရောက် သည့်လများပင်ဖြစ်ပြီး ဧည့်လမ်းညွှန်များ၊ ဈေးဆိုင်များ စတင်အလုပ်ဖြစ်လာပြီဖြစ် ကြောင်းနှင့် မီးခိုးတိတ်စက်ရုံဟုဆိုနိုင် သော ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ပြန်လည် အလုပ်ဖြစ်လာချိန်တွင် မန္တလေးမြို့သမိုင်း ဝင်နေရာများကို နိုင်ငံတကာခရီးသွား ဧည့်သည်များ လာရောက်လေ့လာမှု များလာ ကြောင်း သိရသည်။

**(ကြေးမုံ)**

**SUPER RICH MAN**
SWIMMING POOL & CONSTRUCTION COMPANY

- ရေကူးတည်ဆောက်ရာတွင် ကန်ကျိုးခြင်း၊ ရေယိုစိမ့်ခြင်း၊ ရေသန့်စင်မှု မမှန်ကန်ခြင်း(PHမမှန်ခြင်း)တို့ကို လုံးဝမဖြစ်ပေါ်စေရေးအတွက် တာဝန်ယူဆောက်လုပ်ပေးပါသည်။ ရေကူးကန်ခိုင်ခံ့မှုကို နှစ်(၅၀) အာမခံ၍ တည်ဆောက်ပေးနေပါသည်။
- ချမ်းသာကြွယ်ဝပြီး ဇိမ်ရှိရှိ နေထိုင်တတ်သူများအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသဖြင့် အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ပါသည်။ မြန်မာနိုင်ငံအတွင်းဒေသမရွေး တည်ဆောက်တပ်ဆင် ပေးပါသည်။
- ရေကူးကန်တွင်အသုံးပြုသော **Pump၊ Filter၊ Salt Chlorinator၊ Air Blower၊ Cleaning Kit၊ Gutter Grating၊ Under Water Light၊ Steel Ladder၊ Skimmer Box၊ Main Drain** အစရှိသော ရေကူးကန်သုံးပစ္စည်းများကို အရောင်းပြခန်းတွင် လာရောက် လေ့လာဝယ်ယူ နိုင်ပါသည်။

Sand Filter | Pump | U-Grating | Under water light | Test Kit | Vacuum Hose | Pool Tiles

**Showroom** အမှတ်(၂၉/ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ။
ဖုန်း-၀၁-၄၀၁၅၁၈၊ ၀၁-၈၆၀၄၀၆၄၊ ၀၉-၇၃၁၅၇၁၀၄၊ ၀၉-၄၂၂၂၀၅၅၀၂၊ ၀၉-၇၃၂၁၀၄၉၃၊ ၀၉-၅၃၇၂၃၇၀။

**ကား** မျိုးစုံ
(Alphard/Hiace ၇၊၉၊၁၃ယောက်စီး/ Saloon/ ၂၅၊၃၃၊၄၅ယောက်စီး)များကိုခရီးစဉ်အမျိုးမျိုးအတွက်ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်သည်။
Ph:09-5418126

**ခေတ်ရွှေဆောင်**
၀၉ ၄၄၉၂၅၀၁၉၁၊ ၀၁-၇၁၀၀၈၂
၀၉ ၄၂၀၀၀၅၂၇၈၊ ၀၉ ၅၀၇၃၅၄၅
Nov-3, Dec-23 ထွက်မည်။
လွိုင်ကော်၊ တောင်ကြီးမီးပုံးပျံပွဲ၊ ပင်းတယ၊ အင်းလေး ၇ရက် စရိတ်ငြိမ်း ၇၅၀၀၀ ✣ထားဝယ်ကန်ချွန်သဘင် ဘန်ကောက်မြဲဘုရား ၇-ရက်၁သိန်း+ဘတ်၃၀၀၀/ ✣ထားဝယ်၊ ကော့သောင်း၊ ရနောင်း၊ သုံးငှေးကျွန်း ၇-ရက် ၁.၂သိန်း+ဘတ် ၃၀၀၀/ ✣တာချီလိတ်၊ ရွှေတြိဂံ၊ ချင်းမိုင် ၁၀-ရက်၊ ၁.၃သိန်း+ဘတ်၃၀၀၀/

၁၉၃၃ - ခုနှစ် တည်ထောင်သည်
**ရွှေမုန်းတောင်** အမှတ်တံဆိပ်
**အကြောပြေ မျက်စိကြည်ဆေး**
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR007525(0614)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ဇင်း)၀၁/၀၂၁၃
ဖြန့်ချိရေး- အမှတ်(၁၀၂)၊ (၃၈)လမ်း အောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

# ကျောက်ပန်းတောင်းမြို့နယ်၌ ဗုဒ္ဓပူဇနိယပွဲများနှင့် ဆွမ်းသိမ်း အောင်ပွဲများတွင် အားကစားပွဲများ ထည့်သွင်းကျင်းပ



**ကျောက်ပန်းတောင်း၊ အောက်တိုဘာ ၁၀**

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော အဘိဓမ္မာအခါတော်နေ့ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာဘုရားပွဲများနှင့် မြို့ပေါ်ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံဆွမ်းသိမ်းအောင်ပွဲ၊ ပဋ္ဌာန်းသိမ်းပွဲများနှင့် ဗုဒ္ဓပူဇနိယပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ကျေးရွာဘုရားပွဲများတွင် ဒေသခံကျေးရွာ ဘောလုံးအသင်းများ ယှဉ်ပြိုင်ကစားပွဲများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက် ဘုရားပွဲများတွင်လည်း မြန်မာ့ရိုးရာ ဝိုင်းခြင်းအလှခတ်ပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲများ ထည့်သွင်းကျင်းပလျက်ရှိကြရာ စံပြရပ်ကွက် မဟာဗောဓိဓမ္မာရုံဘုရား (၈)ကြိမ်မြောက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် အကြိမ်(၄၀)မြောက် ဓမ္မာရုံဆွမ်းသိမ်းအောင်ပွဲအဖြစ် ဗုဒ္ဓပူဇနိယဘုရားပွဲ အထိမ်းအမှတ် ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ စတင်၍ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီတွင် ဆုပေးပွဲများကျင်းပခဲ့ကြောင်း သိရသည်။

"နှစ်တိုင်းကစားနေတဲ့ အသင်းတွေက ရှစ်သင်းလောက်ပဲရှိတာ။ ဒီနှစ်တော့ ၁၂ သင်းအထိဖြစ်လာတယ်။ အားလုံးမြို့ပေါ်ကပါပဲ။ ကျွန်တော်တို့ Zenith (၁)၊ (၂)၊ (၃) အသင်းသုံးသင်းကတော့ ရပ်ကွက်ထဲက လူငယ်တွေနဲ့ ဖွဲ့ထားတာဆိုတော့ အိမ်ရှင်အသင်းတွေပေါ့။ ဓမ္မာရုံဂေါပကအဖွဲ့နဲ့ ရပ်ကွက်တာဝန်ရှိသူတွေက ပွဲဖြစ်အောင် ပြိုင်ပွဲနေရာစီစဉ်ပေးပြီးတော့ ခြင်းလုံးနဲ့ပိုက်တွေဝယ်ပေးပါတယ်။ ဆုကြေးငွေကိုတော့ ပုဂ္ဂလိကအလှူရှင်က စီစဉ်ပေးတာပါ"ဟု Zenith (၁) အဖွဲ့မှ ကစားသမားကိုစောမိုးထွေးက ပြောသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လင်း ဦးစီးသည့် မာဃလုလင်လူငယ်အဖွဲ့နှင့် ဓမ္မာရုံဂေါပကအဖွဲ့တို့က စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး Zenith မိုဘိုင်းဖုန်းအရောင်းဆိုင်မှ ဆုကြေးငွေများ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းနှင့် ပထမဆုအတွက် ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆုအတွက်ငွေကျပ် ၃၀၀၀၀ နှင့် တတိယဆုအတွက်ငွေကျပ် ၂၀၀၀၀ ချီးမြှင့်ခဲ့ကြောင်း၊ ပွဲစဉ်အလိုက် အကောင်းဆုံးအားကစားသမားဆုနှင့် ပြိုင်ပွဲအားလုံး အကောင်းဆုံးအသင်းဆုများကိုပါ ထည့်သွင်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ရုပ်ပွားတော်များ တည်ထားကိုးကွယ်ရန် အလှူငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဆုတောင်းပြည့်အောင်မြေသာယာရွှေစေတီတော်ကြီး၏ ပရိဝုဏ်အတွင်း တရားဦးဓမ္မာစကြာဟောကြားသည့် ဉာဏ်တော် ၂၇ ပေရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် ပဉ္စဝဂ္ဂီငါးပါးရုပ်ပွားတော်များတည်ထားကိုးကွယ်မည့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၂ နာရီက ဘုရားဝင်းအတွင်းရှိ အောင်ထူးဆန်းဓမ္မာရုံ၌ ကျင်းပရာ အလှူရှင်များဖြစ်ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန မြို့နယ်သာသနာရေးမှူး ဦးမျိုးဝင်း၊ မြို့နယ်အိုးအိမ်ဦးစီးဌာန ဦးစိန်ဝင်းလွင်ဦးနှင့် အလှူရှင်များ တက်ရောက်ကြ၍ အောင်မြေသာယာဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးချစ်သန်း(ငြိမ်း)ဇနီးမိသားစုအလှူတော်ငွေနှင့်အတူ အလှူရှင်အပေါင်းမှ လှူဒါန်းငွေစုစုပေါင်း ၁၃၃ သိန်းသုံးသောင်းခြောက်ထောင်ကျပ်အား မြို့နယ်သံဃနာယကဆရာတော်များ၊ ဘုရားကြီးဩဝါဒဆရာတော်ကြီးများ ရှေ့မှောက်တွင်လှူဒါန်းပွဲကျင်းပကြောင်းသိရသည်။

**(၃၂၉)**

# နတ်တလင်းတွင် အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဖွင့်လှစ်

**နတ်တလင်း၊ အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နှင့် ၁၅ မိုင်ဝေးသော စောင်းဝှက်ကျေးရွာအုပ်စု ချောင်းခွရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်၊ မြို့နယ် ဒုတိယပညာရေးမှူး ဦးမောင်မောင်ဝင်း၊ အ.မ.က ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းကျောင်းဆောင်သစ်၏ အလျားမှာ ပေ ၁၀၀နှင့် အနံမှာပေ ၃၀ ဖြစ်ပြီး လေးခန်းတွဲ သစ်ညှပ် အုတ်တိုက် သွပ်မိုး သမံတလင်းခင်းဖြစ်၍ နိုင်ငံတော်၏ ခွင့်ပြုပံ့ပိုးငွေနှင့်အတူ ဟိန်းအောင်ထက် ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ရာ ကျပ်သိန်း ၃၆၀ ကုန်ကျကြောင်း သိရသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်၊ မြို့နယ်အထွေထွေဦးစီးဌာန ဒု-ဦးစီးမှူး ဦးစည်သူ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၃၅၀ တက်ရောက်ခဲ့ကြသည်။ **(၀၇၁)**

# ပဲခူးတွင် အရှိန်မထိန်းနိုင်သောကား လမ်းလယ်ကျွန်းအားတိုက်မိ၍ တိမ်းမှောက်

**အင်းတကော်၊ အောက်တိုဘာ ၁၀**

ပဲခူးမြို့နယ်၊ အင်းတကော်ကျေးရွာ၌ ရန်ကုန်-မန္တလေး ကားလမ်းမ လမ်းလယ်ကျွန်းတွင် အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီခန့်က ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အင်းတကော်ရဲစခန်းအပိုင် ပဲခူးမြို့နယ်၊ အင်းတကော်ကျေးရွာ ရန်ကုန်-မန္တလေးကားလမ်း ရွှေမင်းသားထမင်းဆိုင်ရှေ့တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အင်းတကော်ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ရန်ကုန်ဘက်မှ ပဲခူးဘက်သို့မောင်းနှင်လာသည့် ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ်နေ ခိုင်လွင်မိုး အသက် ၂၂ နှစ်မောင်းနှင်လာသော ဒိုင်နာအစိမ်းရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအမှတ်(၂၄၃)အား တိုက်မိတိမ်းမှောက်သွားပြီး ယာဉ်ပေါ်တွင် ပါလာသော ခရီးသည် ကျား ကိုးဦး၊ မလေးဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ရဲဆေးစာနှင့် ပဲခူးပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာ (မစိုးရိမ်ရ) ဖြင့် ဆေးကုသမှုခံယူလျက်ရှိသည်။

ထိုသို့ယာဉ်မဆင်မခြင်မောင်းနှင်မှု နှင့်ပတ်သက်၍ ယာဉ်မောင်းခိုင်လွင်မိုးအား အင်းတကော်ရဲစခန်းက ယာဉ်(ပ)၂၇/၂၀၁၄ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**ကိုသက်**

GIA, HRD Certificate ပါ
ပွင့်ကောက်စိန်ကြီးများကို
ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးနေပါသည်။
Simply precious...
PRECIOUS
GEMS & JEWELLERY
စိန်အဖြူအသန့်တစ်မျိုးတည်းကိုသာ သုံးပါသည်။
"စိန်ချိန်၊ စိန်အရည်အသွေး" "ရွှေချိန်၊ ရွှေအရည်အသွေး" မှန်ကန်ရန် (လုံး၀) တာဝန်ယူပါသည်။
ဝယ်ယူထားသော စိန်ထည်များကို ပြန်လည်ရောင်းချလိုပါက ဝယ်ယူခြင်း၊ လဲလှယ်လိုပါက လဲလှယ်ခြင်းများကို ဆောင်ရွက်ပေးပါသည်။
မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာမျိုးစုံဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများအား ပစ္စည်းမှန်ကန်ရန် အာမခံဖြင့် ရောင်းချပေးပါသည်။
Thai ပန်းတိမ်ဆရာများနှင့် လှပဆန်းသစ်သော ကိုယ်ပိုင်လက်ရာဒီဇိုင်းများကို microsetting ဖြင့် ပြုလုပ်ပေးပါသည်။
No.29, New University Auvenue Road, Bahan Township, Yangon, Myanmar.
Tel: 01 54 66 45, 09 730 130 60
Facebook : https://www.facebook.com/pages/Precious-Gems-Jewellery/251412861657964

ရိပ်သာ၊ ကျောင်း၊ ဘော်ဒါ၊ ကားစင်တာ ဖွင့်ရန်
သင့်တော်သည့်မြေကွက် ဈေးသက်သာစွာဖြင့် ရောင်းမည်
သန်လျင်၊ ကျောက်တန်း ကားလမ်းမကြီးဘေး၊ ဂျပန်တိုးချဲ့ စက်မှုဇုန်နှင့် နှစ်မိုင်ကျော်မျှသာ ဝေးသည်။ မျက်နှာစာ ပေ ၂၀၀ ကျော်နှင့် အနောက်ဘက်သို့ ပေ ၄၀၀ ကျယ်ဝန်းသည်။ မြေတစ်ကွက် လျှင် ၂ ဒသမ ၂ ဧကခန့်ကျယ် မြေကွက်ကြီး နှစ်ကွက် ဈေးသက်သာ စွာဖြင့် ရောင်းမည်။
ရုံးချိန်အတွင်း ဖုန်း-၇၃၂၄၀၉၄၆ သို့ ဆက်သွယ်ပါ။
(အကျိုးဆောင်သည်းခံပါရန်)

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် ၆ဂ/၈၀၈၇၊ ၆ဂ/၈၀၈၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ဆရာခန့်၏ ဝမ်းပျော့အဆီကျဆေး
တစ်ခါစား (၂) ပြား မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေး
ဖုန်း - ၀၉ ၇၃၁၇၉၉၈၃၊ ၀၁ - ၃၉၆၃၈၄

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအခင်(မြစ်ကြီးနား)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊ကုန်သည်လမ်း၊ အမှတ်(၄၅၁)၊ အခန်း(၆)နေ ဒေါ်ထိန်ကြည်(Managing Director, SkyBird Travels & Tours Co.,Ltd.)၊ ဦးသူရစိုး(Director, SkyBird Travels & Tours Co.,Ltd.) တို့၏ဖခင် ဦးအခင် အသက်(၈၉)နှစ်သည်၅-၁၀-၂၀၁၄ရက်တွင်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးမြညွန့်**
**အသက် (၈၆) နှစ်**
**မှော်ဘီ(ရိုးကြီး)**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဆရာသိန်းလမ်းနေ ဦးမြညွန့်သည် ၂၅-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းကြား သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြီးရှိန်၊ဒေါ်စောရွှေ**
**(ကော့မှူးမြို့နယ်၊ လာဝတီကျေးရွာ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးကျော်ခင်**
**အသက်(၈၄)နှစ်**
**အထွေထွေမန်နေဂျာ(သစ်ထုတ်ရေး)(ငြိမ်း)**
**မြန်မာ့သစ်လုပ်ငန်း**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကီလိုရိပ်သာလမ်း၊ တိုက်(၇)ဝါးတန်းကွန်ဒို၊ အခန်း(၈၀၃)နေ ဒေါက်တာ ဒေါ်မြမြ(မီးယပ်သားဖွား)၏ ခင်ပွန်း ဦးကျော်ခင်သည် ၂၃-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲရပါသည်။

သဲဖြူဂေါပကအဖွဲ့/ယောဂီများ

# (၆)လပြည့် လွမ်းဆွတ်သတိရခြင်း
**ဒေါ်အေးမြင့်(ပုတီးကုန်း)**
**ကြခတ် အမက၊ ကျောက်ဖူး အမက၊ ဥသျှစ်ပင် အထက၊ အလက(၉)အင်းစိန်၊ အထက(၅)အင်းစိန်။**

မေကြီးရေ-

၁၁-၄-၂၀၁၄ရက်နေ့မှာ ကွယ်လွန်ခဲ့တာ ဒီနေ့ဆို(၆)လ ပြည့်ပါပြီ။

မိသားစုနှင့်တကွ အားလုံးက အမြဲလွမ်းဆွတ်သတိရနေကြပါတယ်။

မေကြီးကို ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေ စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ပါတယ်။

သာဓုအနုမောဒနာတရား နာကြားရပြီး အမျှအတန်း ရယူကာ ကောင်းရာ မွန်ရာဘဝကို ရရှိနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

# တစ်လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
**ဘုရား၊ ရဟန်း ဒါယိကာမကြီး**
**ဒေါ်နှင်းငွေ(လားရှိုး)**
**ရတနာတည်းခိုခန်း**

ကျေးဇူးရှင်မိခင်ကြီး ကွယ်လွန်ခဲ့သည်မှာ (၁၁-၁၀-၂၀၁၄) ရက်တွင် တစ်လပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့မှ မေ့မရခဲ့ပါ။ အမေ့အတွက် ရည်စူး၍ ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါတယ်။ အမေ မြင့်မြတ်သောဘုံဘဝမှ ရရှိခံစား သာဓုခေါ်ဆိုနိုင်ပါစေ။ အမေရေ အမျှ---အမျှ---အမျှ။

**ခင်ပွန်း-ဦးဝင်းမြ(GE-ငြိမ်း)**
**သား-ဗိုလ်မှူးအောင်ကို-ဒေါ်ခင်သက်ထားစိုး**
**သမီး-မခိုင်၊ မသင်း၊ မိုးမိုး**
**မြေးများ-မအိ၊ ကိုမျိုး၊ ရှင်းရှင်း၊ ကိုဖြိုး**

# (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**ဗိုလ်မှူးကြီး နိုင်လွင်ဦး**
**(ကြည်း/၁၉၃၅၈)**
**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**
**(၁၁-၁၀-၂၀၁၂)-(၁၁-၁၀-၂၀၁၄)**

မိသားစုအားလုံး ချစ်ခင်လေးစားတန်ဖိုးထားရပါသော ချစ်သောဖေကြီး ခွဲခွာသွားခဲ့သည်မှာ ယနေ့(၂)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။

နေ့စဉ်၊ နေ့တိုင်း၊ လစဉ်၊ လတိုင်း အမြဲမပြတ် ပြုလုပ်ပေးနေသော ကုသိုလ်အားလုံးကို မြင့်မြတ်သောဘုံဘဝမှ မြင်နိုင် ကြားနိုင် သိနိုင် သာဓုခေါ်ဆိုနိုင်ပါစေ။

**ဖေကြီးချစ်တဲ့**
**ချစ်ဇနီး၊ ချစ်သမီး၊ ချစ်သား**

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဟန်းဒါယိကာမကြီး**
**ဒေါ်ခင်ဆွေ(ခ)ဒေါ်ခင်ဆွေမြင့်**
**သူနာပြုဆရာမကြီး(အငြိမ်းစား)**
**(အင်းတော်/ကသာ)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိလမ်း၊ အမှတ်(၆၇)နေ ဦးမြင့်မောင်၏ ချစ်လှစွာသော ဇနီး၊ ဦးကျော်ဟို-ဒေါ်သွယ်သွယ်မြင့်တို့၏မိခင် ဒေါ်ခင်ဆွေ(ခ)ဒေါ်ခင်ဆွေမြင့် (သူနာပြုဆရာမကြီး-ငြိမ်း) အသက် (၇၁)နှစ် သည် ၉-၁၀-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းသိန်း၊ ဦးကြည်စိန်၊ ဦးမင်းရဲကျော်သူ၊ ဦးဟန်ထူး၊**
**ဦးကျော်စိုးမိုးလွင်၊ ဦးဇော်ထွန်း**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ အမှတ်(၅)၊အောင်သိဒ္ဓိကျောင်းလမ်း၊မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်နေ ဦးစိုးမင်းလတ် (Chairman, SML Business Group)-ဒေါ်ချောချောလင်းစန္ဒာ (Executive Director, SML Business Group)တို့၏ မိခင်ကြီး ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း ဒါယိကာမကြီး ဒေါ်မြင့်မြင့်စိန်(ချောက်မြို့) အသက်(၈၅)နှစ်သည် ၇-၁၀-၂၀၁၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**CEOနှင့် ဝန်ထမ်းများ**
**SML Business Group**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ကူးစက်ရောဂါဗေဒ သုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး/ဌာနခွဲမှူး ဒေါက်တာဉမ္မာ၏မိခင်ဖြစ်သူ ဒေါ်ကြည်ကြည် အထက(၁)ဗဟန်း(ငြိမ်း) ကစလ(ရန်ကုန်) (ငြိမ်း) (၇၉) နှစ်သည် ၃-၁၀-၂၀၁၄ (သောကြာနေ့) ည ၈း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)**

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
**ဦးစံသိန်း @ ABDULRAHIM (MADANI)**
**မြို့နယ်ကုန်သွယ်ရေး-ငြိမ်း**
**အသက် (၉၁) နှစ်**
**(ရွှေတောင်ရပ်၊ မော်လမြိုင်မြို့)**

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ကျိုက်သလန်ဘုရားလမ်း၊အမှတ်(၇)နေ ဒေါ်အေးအေးသိန်း (အထက၆-ငြိမ်း)-ဦးအုန်းလှိုင်၊ ဒေါ်နွဲ့နွဲ့အေး-ဦးကိုကို၊ ဒေါ်သိန်းသိန်းမူ၊ ဒေါ်အေးအေးမော် (B.Ag-85)-ဦးတင်ဝင်း (B.Sc geol-83) တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မရည်နွယ်ထွန်း-ကိုညဏ်ဝင်းထွန်း၊ ကိုထူးမော်သိန်း၊ကိုဘုန်းမော်သိန်း၊ ကိုရဲမင်းထွန်း၊ မထက်မြတ်အေးတို့၏ အဘိုး၊ မဇင်ဇင်လင်းမေ၏ ဘိုးဘိုးကြီး ဦးစံသိန်း@ ABDULRAHIM သည် ၂-၁၀-၂၀၁၄ (ကြာသပတေးနေ့)တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၃-၁၀-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဇဟိုရ်နမာဇ်အပြီး စမ်းကြီးကဗာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဦးအုန်းကျော် (B.A.A.L)**
**တရားရုံးချုပ်ရှေ့နေ**
**စိန်ဂျွန်းကျောင်းသားဟောင်း**
**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၉)ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ်(၁၅၇) နေ (ဦးမောင်မောင်တင်-ဒေါ်ကျင်)တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးဦးဘော်-ဒေါ်ခင်မမ) တို့၏သားသမက်၊ ဒေါ်မြမြမော် (တရားရုံးရှေ့နေ)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးညဏ်လွင်-ဒေါ်ခင်နှင်းလှိုင်၊ ဦးကျော်ဆန်းဝင်း-ဒေါ်နီနီလွင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မနှင်းလဲ့ရှိန် (2nd Years E.P.P)၊ မောင်အောင်ခန့်ပိုင် (Grade-၅၊အမက-၃ မူလွန်၊ဗဟန်း) ချစ်လှစွာသောဘိုးဘိုး ဦးအုန်းကျော်သည် ၈-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၄ (အင်္ဂါနေ့) နံနက်၇နာရီမှ ၁၁နာရီထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးအုံးကြွယ်**
**အသက် (၉၁) နှစ်**
**မော်ကွန်းဝင်(ဒု)ဆင့်**
**ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)**
**အုတ်ဖိုမြို့နယ်**
**ရာသက်ပန်အသင်းဝင်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ ရာဇာသင်္ကြန်လမ်း၊ အမှတ်(၆၉)နေ(ဦးဖိုးရ-ဒေါ်မမလေး) တို့၏ သား(ဦးမြမောင်-ဒေါ်ကျင်နု)တို့၏သားသမက်၊ ဒေါ်ခင်ရွှေ၏ခင်ပွန်း၊ မခင်စန်းကြွယ်၊ မောင်ခင်မောင်ကြွယ်-မစန်းစန်းမော်၊မောင်မင်းမင်းအောင်၊ မောင်သီဟ-မတင်ဇာဝင်း၊ မောင်ကျော်ဝင်းထွန်း (လ/ထဦးစီးမှူးပြည်တွင်းအခွန်များဦးစီးဌာန၊မြဝတီမြို့)-မယမင်းကေခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်လင်းထက်ကျော်၊ မဟေမာန်ရွှန်းလဲ့တို့၏ အဘိုးသည် ၇-၁၀-၂၀၁၄ (အင်္ဂါနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး ၍ ၁၃-၁၀-၂၀၁၄(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဒေါ်မြမြစမ်း**
**အသက်(၇၀)**
**B.Sc(Botany), Diploma in French Language, D.E.P**
**လ/ထ ညွှန်မှူး (ငြိမ်း)**
**စက်မှုဆေးဝါး၊စက်မှု(၁)ဝန်ကြီးဌာန**

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်တင်တင်လှ)တို့၏ သမီးကြီး၊ ကျောက်မဲမြို့နေ (ဦးကျော်ညာ-ဒေါ်ခင်ဥ)တို့၏ သမီးချွေးမ၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်(၂)၊ အခန်း(၂၀၁)နေ ဦးကျော်ထူး (Ex-ဥပဒေအရာရှိ အဆင့်-4-Ex.2/0 O/T Co;)တို့၏ဇနီး၊ကိုကျော်ထက်-မပန်းမွှေ့မွှေ့ဖြူ မအေးကြည်သာတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မပန်းသွေးချယ်၏ အဘွား၊ (ဦးခင်မောင်ဦး-ဒေါ်ထွေးညွန့်)၊ ဦးကျော်ရွှေ-ဒေါ်မူမူ၊ ဦးသန်းအောင်- ဒေါ်တင်တင်ဝင်း၊ ဦးရန်လင်း-ဒေါ်အေးအေးမာတို့၏ အစ်မကြီး၊ တူ/တူမ ၁၁ ယောက်တို့၏ ကြီးတော် ဒေါ်မြမြစမ်းသည် ၇-၁၀-၂၀၁၄ (အင်္ဂါနေ့) ညနေ၃း၃၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၀-၂၀၁၄ (စနေနေ့) နံနက်၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်ပု(ဝေဘာဂီမြို့သစ်)**
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဉယျာဉ်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၅၀၃) နေ (ဦးစံညွန့်-ဒေါ်သိန်းကြွယ်)တို့၏ သမီး၊ (ဦးသာပွင့်-ဒေါ်လှမြတ်ခိုင်)တို့၏ သမီးချွေးမ၊ (ဦးစံရွှေ)(စခန်းမှူး၊ ငြိမ်း၊ အင်းစိန်စီအိုင်ဒီ)၏ ဇနီး၊ (ဦးညွန့်အောင်)(မဟာစည်ဟိတေသီအတွင်းရေးမှူးဟောင်း)၏ညီမ(ဒေါ်တင်လှ)၊ ဒေါ်နုနုရီ(ခ)ဒေါ်ဝါနုတို့၏အစ်မ၊ (ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်သိန်း)၊[ဒုအရာခံဗိုလ်ကျော်ကျော်(ငြိမ်း)]-ဒေါ်တင်တင်ချို၊ (ဦးအေးဝင်း)-ဒေါ်ကြည်ကြည်မြင့်၊ (ဦးမြင့်ဦး)-ဒေါ်ဖြူဖြူဝင်း၊ (ဦးမြင့်ဦး)-ဒေါ်မေချစ်၊ ဦးကိုကိုသန့်-ဒေါ်လှလှမြင့်၊ (ဦးမြင့်နိုင်)-ဒေါ်ချိုချိုဝါ၊ ဦးမျိုးလွင်(၂/ဉ)-ဒေါ်ဇာဇာနွယ်တို့၏မွေးသမိခင်၊ မြေး ၁၅ ယောက်တို့၏ အဘွားသည် ၈-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅ နာရီတွင် အောင်ရတနာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး**
**ဦးခင်မောင် အသက် (၈၅) နှစ်**
**(ဦးခင်မောင်-ဒေါ်ကြင်မြိုင် လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၃၃)နေ (ဦးဘမောင်-ဒေါ်စောညွန့်)တို့၏သား၊ ဒေါ်ကြင်မြိုင်၏ ခင်ပွန်း၊ ဦးမြင့်မောင်-ဒေါ်ဆွန်ငွေ၊ ဒေါ်ခင်ခင်ထွန်း-ဦးကြည်စိန်တို့၏ အစ်ကို၊ ဒေါ်တင်တင်နွဲ့၊ ဒေါ်သန်းသန်းနွဲ့၊ ဦးစိန်ဝင်း-ဒေါ်ခင်သီတာစိုး၊ ဒေါ်ခင်ခင်နွဲ့-ဦးဝင်းထွဋ်၊ ဒေါ်အေးအေးနွဲ့(မိုးဆေးဆိုင်)၊ ဒေါ်သိန်းသိန်းအေး၊ ဦးကျော်စိုး၊ ဦးကျော်ငွေတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၈-၁၀-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း ။(နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဒေါ်ကြည်ကြည်ဝင်း (ခ) တေးသံရှင်ပြုံးယဉ်**
**အသက် (၈၂) နှစ် (ကျုံမငေး)**

ရန်ကုန်မြို့နေ (ဦးတုတ်စွန်-ဒေါ်အေးမိ) တို့၏ သမီး၊ (ဦးတင်ဝင်း-ဒေါ်ကြူကြူတင်) (အောင်သပြေဓာတ်ပြား)၊ ဒေါ်ငွေငွေဝင်း၊ (ဦးကိုလေး)(ဝင်းဓာတ်ပုံတိုက်)တို့၏ညီမ၊ ဦးအောင်ဝင်း (အမှတ်-၂သတ္တု-ငြိမ်း)-ဒေါ်ငွေငွေ(သ/မဦးစီးဌာန-ငြိမ်း)၊ ဦးတင့်ဆန်း(မြန်မာ့ရေနံ-ငြိမ်း)-ဒေါ်နုနုဟန်တို့၏အစ်မ၊ တူ/တူမ ကိုးယောက်၊ မြေး၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (C)ဘလောက်၊ တိုက်(၃၀)၊ အခန်း(၁၀၂)နေ ဒေါ်ကြည်ကြည်ဝင်း (ခ) တေးသံရှင်ပြုံးယဉ်သည် ၈-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅း၃၀နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အထူးကျေးဇူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်သိန်းညွန့်**
**အသက်(၈၂)နှစ်**

၁-၁၀-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားခဲ့သော မိခင်ကြီး ဒေါ်သိန်းညွန့်၏ နာရေးကိစ္စအဝဝတွင် စိတ်ရောကိုယ်ပါ မိသားစုစိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေး ကြသူများ၊ ကိုယ်တိုင်လာရောက်မေးမြန်းကြသူများ၊ စစ်ဘက်၊ နယ်ဘက်၊ အရပ်ဘက် ပုဂ္ဂိုလ်များ ဖုန်း၊ အီးမေးလ်တို့ဖြင့် ဆက်သွယ် မေးမြန်း အားပေး ကြသူများ၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်း ကြသည့် ဆွေမျိုးမိတ်ဆွေ သင်္ဂဟများ၊ နောက်ဆုံးခရီးအထိ လိုက်ပါပို့ဆောင်အားပေးကြသူများ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**ကသာခရိုင်အသင်း(ရန်ကုန်)**
**ဒေါ်ခင်ဆွေမြင့် (၇၁)နှစ်**
**သူနာပြုအုပ်၊**
**ကလေးအထူးကုဆေးရုံကြီး**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နေ(ဦးချမ်းမြ-ဒေါ်သန်းရင်)တို့၏သမီး၊ ကသာခရိုင်အသင်း ဂုဏ်ထူးဆောင်ဒုတိယဥက္ကဋ္ဌ(ဦးဘရင်)-ဒေါ်စမ်းစမ်းရီတို့၏ ညီမ၊ ရန်ကုန်မြို့၊ အမှတ်(၇၂၈)၊ ပါရမီလမ်းနေ ဦးမြင့်မောင် (ကသာခရိုင် အသင်းဂုဏ်ထူးဆောင်နာယက)၏ချစ်လှစွာသောဇနီး၊ ဦးကျော်ဟို-ဒေါ်သွယ်သွယ်မြင့်၊ ဒေါ်မြင့်မြင့်နွယ်၊ ကိုရန်နိုင်-မဇာခြည်ဝင်း၊ ကိုနေထွန်းနိုင်-မနန်းခက်ဟွေ့ဝေတို့၏ မိခင်ကြီး သည် ၉-၁၀-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၄ (စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများ လိုက်ပါပို့ဆောင်နိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကသာခရိုင်အသင်းအမှုဆောင်အဖွဲ့

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
**ဒေါ်သိန်းမူလှ(ခ)ဒေါ်ဖြူဖြူဝင်း**
**အသက်(၇၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၁၄၅G)နေ(ဦးလှမောင်)-ဒေါ်ခင်မြကြည်တို့၏ချစ်လှစွာသောသမီး(ဦးထွန်း-ဒေါ်လှရှင်)တို့၏ ချစ်လှစွာသော သမီးချွေးမ၊ (ဦးအေးသိန်း-အကြီးတန်းလေယာဉ်လက်ထောက်-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဦးထင်ဇော်-ဒေါ်ခင်စန်းဝေတို့၏အစ်မ၊ ဒေါ်စန်းနွယ်လှ (ခေတ္တ-Ausil;)၊(ဦးအောင်ခိုင်)-ဒေါ်မဥ္စူခင်တို့၏ အစ်မ၊ ဦးမောင်မောင်အေးဝင်း (ခေတ္တ-UK)၊ ဦးစိုင်းထွန်းထွန်းအောင်-ဒေါ်တင်ဖြူအေး၊ ဒေါ်ကြည်ဇင်အေး (ခေတ္တ-UK)တို့၏ မိခင်၊ စိုင်းဘုန်းမြတ်ခန့်၊ နန်းအိမ်စည်လှိုင်တို့၏ ချစ်လှစွာသောအဘွားသည်၈-၁၀-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၈း၄၀ နာရီတွင် ခုတင် ၅၀၀ အထူးကုဆေးရုံကြီး ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# (၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
**ဦးမြတ်လွင်-ရုံပိုင်(ငြိမ်း)၊ မြန်မာ့မီးရထား**
**(၁၁-၁၀-၂၀၁၁)-(၁၁-၁၀-၂၀၁၄)**

ကျေးဇူးရှင်ဖခင်ကြီးအတွက် ရည်စူး၍ ပြုပြုခဲ့သမျှ ကုသိုလ်အစုစုတို့အတွက် ကျန်ရစ်သူမိသားစုမှ အမြဲတမ်းအမျှပေးဝေနေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓု ခေါ်ဆိုနိုင်ပါစေ။

**ဇနီး-ဒေါ်ခင်ခင်**
**သားကြီး-ဗိုလ်ကြီးဝေလွင်အောင်-မဆွေဆွေဟန်**
**သားငယ်-ဗိုလ်သံလွင်အောင်**
**မြေး-မမေလွင်ချယ်(ခ)ပုံပုံ**

**ကျေးဇူး ဆပ်ပါမည်**

ကျွန်မ၏ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ် အမှတ် ISP IDV8(14-15)26816(23/7/14)မှာ ပန်းဘဲတန်းမြို့နယ်အတွင်း သွားလာနေစဉ် ၂၉-၈-၂၀၁၄ ရက်က ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **Ph: 09-421156533**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၃**

| | | |
|---|---|---|
| ဦးသက်အောင် | နှင့် | ဦးရန်နိုင်အောင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ပျဉ်းမတောကျေးရွာနေ တရားပြိုင် ဦးရန်နိုင်အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကျူးကျော်သူအားမြေပေါ်မှ ဖယ်ရှားထွက်ခွာပေးပြီး မြေကွက် လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါ၍ ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် (၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက် ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။ **(သန်းသန်းမြင့်)**

**ဒုတိယခရိုင်တရားသူကြီး(၄)၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အီတလီသမ္မတနိုင်ငံ ရောမမြို့မှ ပြန်လည်ရောက်ရှိ

သတင်း ›› စာမျက်နှာ - ၉


ယနေ့ မာတိကာ

ပညာရေးနှင့် အနာဂတ် — စာမျက်နှာ - ၆

ရွှေတိဂုံစေတီတော်သို့ သီတင်းကျွတ်ပွဲတော်အတွင်း နိုင်ငံခြားသား ၃၀၈၆ ဦး ဖူးမြော်ကြည်ညို — စာမျက်နှာ - ၁၁

ပုသိမ်မြို့တွင် ဖျာပုံနန်းတွင်းရာမယဏဇာတ်တော်ကြီး ကပြဖျော်ဖြေ — စာမျက်နှာ - ၁၂


# ရွှေကျင် သီတင်းကျွတ်မီးမျှောပူဇော်ပွဲ စည်ကား



အောက်တိုဘာ ၉ ရက်က ရွှေကျင်မြို့ ရွှေကျင်ချောင်းအတွင်း သီတင်းကျွတ်မီးမျှောပွဲတော် ကျင်းပစဉ်။

**ရွှေကျင် အောက်တိုဘာ ၁၀**

ပွင့်လင်းရာသီ၏ ပထမဆုံး ပွဲလမ်းသဘင်အဖြစ် နာမည်ကြီးခဲ့သော ပဲခူးခရိုင် ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်မှာ သီတင်းကျွတ် လဆန်း ၈ ရက်(အောက်တိုဘာ ၁ ရက်)မှစ၍ နေ့၊ ညမပြတ် စည်ကားလျက်ရှိသည်။

ယခုနှစ် သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ရွှေကျင်မြို့အရှေ့ဘက် တောင်စွယ်ပေါ်ရှိ အရှေ့မဟာဗုဒ္ဓဘုရားကြီး၌ နံနက်အရုဏ်တက်ချိန်မှစ၍ ရွှေကျင်မြို့နယ်အတွင်းနှင့် ရပ်ဝေးမှ ဘုရားဖူးပြည်သူများက သဒ္ဓါထက်သန်စွာဖြင့် ဆွမ်းတော်ကြီးတင်လှူပွဲကျင်းပခြင်းနှင့် ညနေပိုင်းတွင် လေးထပ်ကျောင်း၌ ပဝါရဏာ လောင်းလှူပွဲများ ကျင်းပကြသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖**

# အာရှယူ-၁၉ ပြိုင်ပွဲဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာရှယူ-၁၉ ပြိုင်ပွဲအုပ်စု(ခ)နှင့်(ဃ)ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် ဝဏ္ဏသိဒ္ဓိကွင်းတို့တွင် ဆက်လက်ကျင်းပရာ ဥဇဘက်ကစ္စတန်၊ အီရတ်နှင့် ကာတာအသင်းတို့ နိုင်ပွဲများ အသီးသီးရရှိခဲ့ကြသည်။

(သုဝဏ္ဏကွင်း-ပထမပွဲ)

ဥဇဘက်ကစ္စတန် - သုံးဂိုး

အင်ဒိုနီးရှား - တစ်ဂိုး

ဥဇဘက်ကစ္စတန်အသင်းသည် အဖွင့်ပွဲမှာ အနိုင်ရလဒ်ဖြင့်စတင်နိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းမှာ ဥဇဘက်ကစ္စတန်အသင်းကို ချေပဂိုးတစ်ဂိုးသွင်းကာ ဖိအားပေးရန်ကြိုးပမ်းခဲ့သော်လည်း အမှတ်ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ဥဇဘက်ကစ္စတန်အသင်းမှာ ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ၁၇ မိနစ်တွင် ခမ်ဒါမော့မ်က အဖွင့်ဂိုး စတင်သွင်းယူပေးခဲ့သည်။ ဂိုးရပြီးနောက်ပိုင်း ဥဇဘက်ကစ္စတန်အသင်းက ကစားပုံပိုကောင်းလာပြီး ၂၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ယူရီမော့ဗ်က ဒုတိယဂိုးကို သွင်းယူခဲ့သည်။

ဒုတိယပိုင်းအစတွင် အင်ဒိုနီးရှားအသင်းက ပြန်လည်ဖိကစားလာနိုင်ပြီး ၅၇ မိနစ်တွင် ပေါ်လိုက အဝေးမှကန်သွင်းကာ ချေပဂိုးတစ်ဂိုးပြန်သွင်းပေးခဲ့သည်။ ဥဇဘက်ကစ္စတန်အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၈၅ မိနစ်တွင် ရှီစူရော့ဗ်က သွင်းယူပေးခဲ့သည်။

(ဒုတိယပွဲ)

ဩစတြေးလျ - တစ်ဂိုး

ယူအေအီး - တစ်ဂိုး

အာရှအင်အားကြီးအသင်းနှစ်သင်း တွေ့ဆုံကြသည့်ပွဲဖြစ်သော်လည်း ပွဲမှာ ထင်သလောက်အကြိတ်အနယ်မရှိခဲ့ပေ။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

# တာချီလိတ်၊ မိုင်းဆတ်ဒေသများသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့တို့မှ နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကိုယ်စားလှယ်အဖွဲ့များနှင့် သတင်းမီဒီယာအဖွဲ့များ လာရောက်လေ့လာ

**တာချီလိတ် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အတွင်းရှိ အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာများသို့ လေ့လာရေးခရီးလာရောက်သည့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Permpong Chaovalit ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ ထိုင်းသတင်းမီဒီယာများသည် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ မြန်မာသတင်း မီဒီယာများနှင့်အတူ

**စာမျက်နှာ ၉ ကော်လံ ၃ သို့ ❂**



ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များနှင့် ထိုင်းသတင်းမီဒီယာများ တာချီလိတ်ခရိုင်ရှိ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာများသို့ လာရောက်လေ့လာစဉ်။ (သတင်းစဉ်)


KBK KABA KYAW TRADING COMPANY LIMITED

တစ်နေ့ဂါလံ(၁၀၀)ထွက်သည့် RO System ရေသန့်စက်

Filter

အမျိုးမျိုးကို အချိုသာဆုံးဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ



RO 400 GPD

Type : RO with Steel Tank — 170000 ks

Type : RO with Mildsteel Tank — 130000 ks

60000 Ks

ရေသန့်သုံး chemical များ

500 Ks only

ရန်ကုန် - အမှတ်(၄/၂၁/၂၂)၊ နွယ်သာကီလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၆၈၂ ၄၃၈၊ ၆၈၂ ၅၈၀၊ ၆၈၆ ၁၃၈။ မန္တလေး- ၀၂- ၇၄၅၇၁၊ ၆၁၆၂၆ လိုင်းခွဲ ၅၀၀၉၊ ၀၉ ၉၁၀၁၁၂၀၉။ နေပြည်တော် - ၀၆၇- ၄၂၀၈၄၇၊ ၀၉ ၄၉၂၀၈၄၁၀၊ ၀၉ ၄၉၂၀၆၈၅၀။



themirror.npt@gmail.com
www.facebook.com/themirrordaily

## အောက်တိုဘာ(၈)မှ(၁၂)ရက်ထိ ရောင်းမည်

# ရုံးခန်း၊ဘာဂျာ၊

# အထူးသင့်တော်သောနေရာ

# iGREEN မှ

## (၃)၊(၄)၊(၅) နှစ်အရစ်ကျရောင်း

**ပါရမီလမ်း** မြေညီပါ(၈၆၁၂) $Ft^2$

**သစ္စာလမ်း** မြေညီပါ(၇၈၂၀) $Ft^2$

**ကမာရွတ်** ဗဟိုလမ်းအနီး မြေညီပါ(၁၃၂၉၁)$Ft^2$

## iGREEN SHOW ROOM

၁။ အမှတ်(၃၀)၊ ဘုရင့်နောင်လမ်း၊ လှိုင်၊ ချောင်းဝဘုန်းကြီးကျောင်းအနီး။
၂။အမှတ်(၁၁၅)၊ ပါရမီလမ်းနှင့် အောက်ဗဟိုလမ်းထောင့်၊ လှိုင်မြို့နယ်။

# ဆောက်လုပ်ပြီးရုံးခန်းအသင့်ဖွင့်နိုင်သည်




လှိုင်၊ ပါရမီလမ်းနှင့်
ဗဟိုလမ်းထောင့် (၅)ထပ်
(၁၀၈၀၀)သိန်း၊ ဂရန်မြေ



(၄၅)ပေx(၆၀)ပေ မြေပိုင်မြေ၊ ပိုင်ဆိုင်မှုနှင့် မြေအောက်ထပ်ပါ
(၄.၅)ထပ် အဆောက်အအုံ (၂၇၀၀၀)သိန်း
ကမာရွတ်၊ နာနတ်တောလမ်း၊ ရွှေကောင်းဟော့ပေါ့ရှေ့

| မြို့နယ် | လမ်း | ကွန်ဒိုအမည် | Sqft | Type | Price (သိန်း) | (36)ကြိမ် ငွေချေစနစ် (၁)လပေးရမည့် ပမာဏ (သိန်း) | ပြီးစီးမှု |
|---|---|---|---|---|---|---|---|
| ရန်ကင်း | သစ္စာလမ်း | **9 Thit Sar** | 834 | 1MBR, 1BR | 1368 | 37.5 | Start Dec-2014 |
| ရန်ကင်း | စိမ်းလဲ့မေရိပ်သာ | **Sein Lei Aung** | 1930 | 2MBR, 2BR | 4464 | 123.5 | Foundation |
| စမ်းချောင်း | ကံကော် | **4 Kan Kaw** | 1250 | 1MBR, 1BR | 1338 | (12) ကြိမ်110 | (90)% Finish |
| စမ်းချောင်း | ဓမ္မိကဝတီ | **24 Dami Kawaddy** | 1250 | 1MBR, 1BR | 1584 | 43.5 | Start Dec-2014 |
| ကမာရွတ် | နဝရတ် | **Nawarat** | 1170 | 1MBR, 1BR | 2106 | 58 | Foundation |
| လှိုင် | ပါရမီ | **123 Parami** | 1870 | 2MBR, 2BR | 3042 | 84 | Foundation |
| လှိုင် | မဟာဆွေ | **3 Maha Swe** | 1088 | 1MBR, 1BR | 1422 | 39 | Foundation |
| လှိုင် | ပါရမီ | **7 Parami** | 1250 | 1MBR, 1BR | 1890 | 52 | Start Dec-2014 |
| လှိုင် | လွတ်လပ်ရေး | **G4** | 1481 | 1MBR, 1BR | 1530 | 42 | Foundation |

**DEVELOPED BY - iGREEN Construction**

